ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (9-1-2006) (၄၈၃၅)

❒ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်သူများအားလုံး လူထုလူတန်းစား အလွှာပေါင်းစုံ ရာသက်ပန် ရင်းနှီးချစ်ကြည်စွာ အတူတကွ ပေါင်းစည်းနေထိုင်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပြည်သားများဘဝ ရာသက်ပန် လုံခြုံမှုရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နည်းလမ်း၊ စည်းကမ်း၊ လုပ်ငန်းစဉ်များ ညှိနှိုင်းရေးဆွဲ ချမှတ်အတည်ပြုကြခြင်းဖြစ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရန် ပြည်သူတစ်ရပ်လုံး၏ဆန္ဒကို အခြေခံထင်ဟပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မလွဲမသွေလိုအပ်လျက်ရှိ ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အားနည်းချက်ကင်းပြီး တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရမည် ခိုင်မာစစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အမျိုးသားညီလာခံကြီးကို ကချင်ပြည်နယ်လူထုကြီးကကြိုဆို

ရန်ကုန် ဇန်နဝါရီ ၈

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ယနေ့နံနက် ၈နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဝင်ရောက်နေရာယူ

လူထုအစည်းအဝေးမစတင်မီ နံနက် ၇ နာရီတွင် သတ်မှတ်စုရပ်အသီးသီးမှ နိုင်ငံတော်အလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံကိုင်အဖွဲ့၊ ဘင်ခရာအဖွဲ့တို့က ဦးဆောင်၍ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ တနိုင်းနှင့် မြစ်ကြီးနားမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ ဒေသခံပြည်သူများ၊ မြစ်ကြီးနားမြို့ ဈေးသူ၊ဈေးသားများ၊ ကုန်သည်ကြီးများအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကား ပြောကြား

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင် အဖွင့်အမှာစကား ပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၉-၁-၂၀၀၆
(တနင်္လာနေ့)

လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်ရင်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည်မြင့်မားစေရေးအတွက် အစီအစဉ်များချမှတ်ပြီး မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများတွင် နှစ်ရှည်စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာ လျက်ရှိနေပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရကျောင်းသူ၊ ကျောင်းသားများအား ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့်လည်း နိုင်ငံတော်၏ ချီးမြှင့်ဂုဏ်ပြုမှုများအပေါ် အလေးအနက်ခံယူကြပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံနှင့် မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း မိဘပြည်သူများနှင့် အပြည့်အဝလက်တွဲပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရသော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်** မှာကြားသွားသည်။

ယနေ့ကာလတွင် မျိုးဆက်သစ် ကျောင်းသားလူငယ်များကို မျက်မှောက်ခေတ်နှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများအရ စီးပွားရေး၊ လူမှုရေးနှင့်ပညာရေးနယ်ပယ် အသီးသီးတွင် ရယူအသုံးပြုနိုင်ရန် အီလက်ထရွန်နစ်သတင်းအချက်အလက် ထုတ်လွှင့်မှုစနစ်ကို နိုင်ငံတော်အစီအစဉ် ဖြင့် ထူထောင်ပေးထားရာ တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်း ၆၂၄ ကျောင်းတွင် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဘာသာရပ်သင်ခန်းစာများကို ဖမ်းယူလေ့လာနိုင်လျက်ရှိသည်။

ထို့ပြင် တက္ကသိုလ်၊ ကောလိပ်များအားလုံးနှင့် အခြေခံပညာကျောင်းအချို့တွင် အင်တာနက်ချိတ်ဆက်အသုံးပြုလျက်ရှိရာ ကမ္ဘာနှင့်အဝန်း တိုးတက်ပေါ်ထွန်းလာသည့် ပညာရပ်များနှင့် ခေတ်မီနည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုသင်ကြားနိုင်ကြပြီဖြစ်သည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ်သည် အနှစ် ၃၀ နှစ်ရှည် စီမံကိန်း၊ ပထမနှစ်တို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်ပြီး အဆိုပါ စီမံကိန်းကာလအတွင်းကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူမှုအခွင့်အလမ်းများကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ အခြေခံပညာရေးအရည်အသွေး မြင့်မားရေးအတွက် ပညာရေး ဝန်ထမ်းများ၊ စေတနာရှင်များနှင့် မိဘပြည်သူများ လက်တွဲဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်ကအားထားရသော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းလာရေးအတွက် ကျောင်းသား၊ ကျောင်းသူများအားလေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များအပိုင်းကလည်း နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး သန္နိဋ္ဌာန်စိတ်ဖြင့် မဆုတ်မနစ် ကြိုးပမ်းအားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရင်းရင်းနှီးနှီး နှုတ်ဆက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊အတတ်ပညာရှင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမိသားစုက ၂၀၀၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အနုပညာဖြင့်ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံရှေ့၌ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦး(စန္ဒီးဗိုက်)၊ အတွင်းရေးမှူးဦးတင်အောင်၊ ဘဏ္ဍာရေးမှူး ဦးဇော်မင်း၊ တွဲဖက်အတွင်းရေးမှူး(၃) ဒေါ်ဆွေဇင်ထိုက်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်စိုး(ခ)ဦးစုဝမ်းနှင့်ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီနှင့် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ အုပ်စုကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီတို့ကို အနုပညာရှင်၊ အတတ်ပညာရှင် တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ခံရသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား "လျှို့ဝှက်သောနှင်း" ဇာတ်ကားမှ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရှင် အကယ်ဒမီ ရွှေစင်ရုပ်တု ခုနစ်ဆုပိုင်ရှင် ညွှန့်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား အကယ်ဒမီရန်အောင်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မင်္ဂလာဒုံ အထက(၂) အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်းသူရိယလှသောင်းကျောင်း)၌၁၉၇၂ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီခွဲတွင် အဆိုပါကျောင်း အောင်ဆန်းသူရိယလှသောင်းခန်းမ၌ကျင်းပရာ ကျောင်းမှ အငြိမ်းစားယူသွားခဲ့ကြသော ဆရာ၊ ဆရာမကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိနှင့်ဆရာ၊ဆရာမများ၊ အာစရိယပူဇော်ပွဲအခမ်းအနား ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ လက်ရှိပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်မှူးစောသိန်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြကာ လက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် အပူဇော်ခံ ဆရာ၊ ဆရာမကြီးများကိုယ်စား ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးတို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။

ယင်းနောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးမြင့်အောင်က ပူဇော်ပွဲဖြစ်မြောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားပြီး ကျောင်းသားဟောင်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၈-၁-၂၀၀၆)

ပူတာအိုနှင့် ဟဲဟိုး
၄ ဒီဂရီ စင်တီဂရိတ်
နမ့်စန်၊ ပြင်ဦးလွင်နှင့် မိုးကုတ်
၆ ဒီဂရီ စင်တီဂရိတ်

အချပ်ပို(၄) မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ဖော်ပြပါရှိပါသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိန့်ဩဝါဒ

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သော လုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေးကာကွယ်စောင့်ရှောက်ကြပါစို့"

* ရှေ့ဖုံးမှ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အင်အား ၅၇၀၉ ဦးတို့ပါဝင်သော အမှတ်(၁) စစ်ကြောင်းသည် လည်းကောင်း၊ ဗန်းမော်၊ မန်စီ၊ ရွှေကူ၊ ဝိုင်းမော်နှင့် ချီဖွေ မြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာန ဆိုင်ရာများ၊ ကချင် အထူးဒေသ(၁)နှင့် အထူးဒေသ(၂) တို့မှ ကိုယ်စားလှယ်များ၊ ကချင်ရိုးရာယဉ်ကျေးမှု ကိုယ်စား လှယ်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ များ၊ မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းတို့မှ အင်အား ၅၀၅၄ဦး ပါဝင်သော အမှတ်(၂) စစ်ကြောင်းသည်လည်းကောင်း၊ ပူတာအိုနှင့် မချမ်းဘော မြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြစ်ကြီးနား တက္ကသိုလ်၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့၊ သူနာပြုအသင်း၊ ပညာရေးကောလိပ်၊ ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ကချင်ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ် များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ကျောင်းသား၊ ကျောင်းသူ တို့ အပါအဝင် အင်အား ၅၈၆၉ဦးတို့ပါဝင်သောအမှတ်(၃) စစ်ကြောင်းသည်လည်းကောင်း စုစုပေါင်း လူထုပရိသတ် အင်အား ၁၆၆၃၂ဦးတို့သည် တက်တက်ကြွကြွ အားမာန် အပြည့်ဖြင့် ချီတက်ကြပြီး လူထုအစည်းအဝေးကျင်းပမည့် ပြည်နယ် အားကစားကွင်းအတွင်းသို့ ဝင်ရောက်နေရာယူ ကြသည်။

လူထု အစည်းအဝေးတွင် သဘာပတိအဖြစ် ကချင် ရိုးရာယဉ်ကျေးမှု ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြစ်ကြီးနား တက္ကသိုလ် ပါမောက္ခချုပ် ဦးစိုး၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြင့်၊ ကချင်အထူးဒေသ (၁) ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်း၊ ကချင်အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ (၁) ဦးဂေါ်ရီဇော်ဆိုင်း၊ မြို့မိမြို့ဖ ဦးလှရွှေ မြို့နယ်ပညာရေးမှူး(အငြိမ်းစား)၊ မြို့မိမြို့ဖ ဦးစိုင်းအေးကျော် (ဆန်ကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး) တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မွန်းဂျာနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထုမိုင်တို့က ဆောင် ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ရာသက်ပန် ပြည်ထောင်စုသီချင်း "ပြည်မြန်မာ" သီချင်းနှင့် အမျိုးသား ညီလာခံကို ဂုဏ်ပြုသည့် တေးသီချင်းတို့ဖြင့် သံပြိုင်သီဆို ကြသည်။

ယင်းနောက် သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်း သား ပြည်သူများက ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ထို့နောက် သဘာပတိ ကချင်ရိုးရာယဉ်ကျေးမှု ဗဟို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ အေးအတူပူအမျှ အတူတကွ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သည့် ချမ်းမြေ့ သာယာလှပသော ပြည်ထောင်စုအိမ်ဂေဟာကြီး၊ ရောင်စုံပန်း အလှများ ဖူးပွင့်ဝေဆာနေသော ပြည်ထောင်စု ပန်းဥယျာဉ် ကြီးဖြစ်ပါကြောင်း၊ ရှေးနှစ်ပေါင်း များစွာကတည်းက စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုများဖြင့် ပေါင်းစည်းယှက်နွယ်အတူတကွ နေထိုင် ခဲ့ကြခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် အေးချမ်းသာယာလှပပြီး ပြည်ထောင်စုကြီးအတွင်းက ပြည်ထောင်စုငယ်လေးအသွင် ဖြင့် တိုင်းရင်းသားလူမျိုးများ အတူတကွ ပေါင်းစည်း ချစ်ကြည်စွာ နေထိုင်ကြပါကြောင်း။

တန်ဖိုးမဖြတ်နိုင်

အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခဲ့၍ ကချင်ပြည်နယ်သည် အတိတ်သမိုင်းက ခါးသီးလှသည့် ဆိုးမွေများကို ချေဖျက်နိုင်ပြီး တည်ငြိမ် အေးချမ်းမှု အပြည့်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု လက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ် ရေး၊ ကူးသန်းရောင်းဝယ်ရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက် အောင်မြင်နေခြင်းသည် နိုင်ငံတော်အတွက် ပြည်နယ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များ ဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့၍ တိုင်းရင်းသားစည်းလုံး ညီညွတ် ရေး စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ် စိတ်ဓာတ်များ ပိုမို ထက်သန်ခိုင်မာစေကြောင်း၊ အေးချမ်းတည်ငြိမ်မှု၊ တရား ဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ရရှိခံစား စံစားနေရပြီဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ပြည်သူ့ ကိုယ်စားလှယ်များ စုံစုံညီညီပါဝင်သည့်အမျိုးသားညီလာခံကြီး တစ်ခုလိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသား ညီလာခံကျင်းပရေး ညှိနှိုင်းကော်မတီဝင် ၁၅ ဦးနှင့် နိုင်ငံ ရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စား လှယ်များ ၂၉ဦးသည် ၁၉၉၂ ခုနှစ် ဇွန် ၂၃ ရက်မှ ဇူလိုင် ၂၀ ရက်ထိ အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း။

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အမျိုးသား ညီလာခံကိုစတင်ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးချယ်ခံ ကိုယ်စားလှယ် ၁၀၇ဦး အပါအဝင် အစုအဖွဲ့ ရှစ်ဖွဲ့က ကိုယ်စားလှယ် ၇၀၂ ဦးတက်ရောက်ခဲ့ကြောင်း၊ လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားလူမျိုးစုံ၊ ကိုယ်စားလှယ်ပေါင်းစုံ တက်ရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း။

အကြောင်းကြောင်းများကြောင့် ၁၉၉၅ ခုနှစ်မှာ အမျိုးသားညီလာခံကြီးသည် ယာယီရပ်ဆိုင်းသွားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး၏ အနာဂတ်သာယာ လှပ ဖြောင့်ဖြူးရေးအတွက် ဦးတည်ချက်များ ချမှတ်ပြီး တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ အမျိုးသား

ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားရေးတာဝန်ဖြင့် ခံယူဆောင်ရွက်

ညီလာခံကြီးကို ၂၀၀၄ ခုနှစ်တွင် ကိုယ်စားလှယ်များ စုံစုံ ညီညီတက်ရောက်ရေး ဖိတ်ကြားပြီးကျင်းပခဲ့ကြောင်း။

ယနေ့ ကျင်းပနေသည့် အမျိုးသားညီလာခံကို တက် ရောက်သည့် ကိုယ်စားလှယ် ၁၀၈၉ ဦးရှိကြောင်း၊ ကိုယ်စား လှယ်များ၏ ပညာအဆင့်အတန်းအနေဖြင့် ပါရဂူဘွဲ့ရသူ ၁၆ ဦး၊ ဘွဲ့လွန် ၅၅ ဦး၊ ဘွဲ့ရသူ ၅၉၇ ဦး၊ ဒီပလိုမာ ၂၁ ဦးနှင့် အသိပညာဗဟုသုတ အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြကြောင်း။

ကိုယ်စားလှယ်များ

ကချင်ပြည်နယ်၏ အမျိုးသားညီလာခံ ကိုယ်စားလှယ် များကိုကြည့်လျှင် ကချင်မျိုးနွယ်စု လူဦးရေ ၅၄၀၈၅၆ ဦးကို ကိုယ်စားပြုသည့် ဂျိန်းဖောလူမျိုး ကိုယ်စားလှယ် ၁၆ ဦး၊ လော်ဝေါ်လူမျိုး ကိုယ်စားလှယ် ငါးဦး၊ လာချိဒ်လူမျိုး ကိုယ်စားလှယ်နှစ်ဦး၊ ရဝမ်လူမျိုး ကိုယ်စားလှယ်ငါးဦး၊ လီဆူးလူမျိုးကိုယ်စားလှယ် လေးဦး၊ ဇိုင်ဝါးလူမျိုးကိုယ်စား လှယ်တစ်ဦး၊ စုစုပေါင်း ကချင်မျိုးနွယ်စု ကိုယ်စားလှယ် ၃၃ ဦးရှိပြီး ရှမ်းမျိုးနွယ်စု လူဦးရေ ၃၄၅၉၄၅ ဦးကို ကိုယ်စားပြုသော ကိုယ်စားလှယ် ၁၁ ဦးနှင့် ဗမာလူမျိုး လူဦးရေ ၄၁၄၄၉၆ ဦးကို ကိုယ်စားပြုသော ကိုယ်စားလှယ် ၁၁ ဦး စုစုပေါင်း ညီလာခံကိုယ်စားလှယ် ၅၅ ဦးရှိကြောင်း၊ လူထုလူတန်းစား အလွှာအလိုက်ကြည့်မည်ဆိုလျှင် တောင်သူ လယ်သမားကိုယ်စားလှယ်သုံးဦး၊ အလုပ်သမားကိုယ်စား လှယ်တစ်ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၄၁ ဦး၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ ဦးတို့က အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ပြီး ကချင်ပြည်နယ် လူထုကိုယ်စားပြု ဆွေးနွေးနေကြခြင်းဖြစ် ကြောင်း။

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်မွန်းဂျာနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင် ဒေါ်ထုမိုင်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက် ရန် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒကို အခြေခံထင်ဟပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်သည် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌ မလွဲမသွေလိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ် နိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့ နေမည့် ခိုင်မာသော စစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြု သည့် အမျိုးသားညီလာခံကြီးတစ်ရပ် ကျင်းပရမည်ဖြစ် ကြောင်း။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် ကို ဦးဆောင်စီမံခန့်ခွဲရမည့် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်သူ များအားလုံး လူထုလူတန်းစား အလွှာပေါင်းစုံ ရာသက်ပန် ရင်းနှီးချစ်ကြည်စွာ အတူတကွ ပေါင်းစည်းနေထိုင်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြည်သူ ပြည်သားများဘဝ ရာသက်ပန်လုံခြုံမှုရှိရေးအတွက် ဝိုင်းဝန်း ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းလမ်း၊ စည်းကမ်း၊ လုပ်ငန်းစဉ်များ ညှိနှိုင်းရေးဆွဲ ချမှတ်အတည် ပြုကြခြင်း ဖြစ်ပါကြောင်း၊ ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် အားနည်းချက်ကင်းပြီး ရေရှည်တည်တံ့ခိုင်မြဲ မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်ရမည်ဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ရေရှည် တည်တံ့ခိုင်မြဲနေမည့် ခိုင်မာသော စစ်မှန်သော ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက် အမျိုးသား ညီလာခံကြီးကို မိမိတို့ ကချင်ပြည်နယ် ပြည်သူလူထု တစ်ရပ်လုံးက ထောက်ခံပြီး ဤအမျိုးသားညီလာခံ ကြိုဆို ထောက်ခံပွဲကြီးကို တစ်ခဲနက်ကျင်းပရခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ၂၂ဒသမ၈သန်းကျော်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၊ နှစ်သန်းနီးပါး ရှိသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ၄ဒသမ ၅သန်းနီးပါးရှိသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း၊ ကိုးသောင်းနီးပါးရှိသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ ၂ဒသမ၄သိန်းကျော်သော အရန် မီးသတ်တပ်ဖွဲ့၊ လေးသိန်းနီးပါးရှိသော မြန်မာနိုင်ငံ ကြက်ခြေ နီအသင်း စသည့် လူမှုရေးအသင်းအဖွဲ့ဝင် သန်း၃၀ နီးပါး နှင့် ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြကြောင်း။

ပြည်သူတစ်ရပ်လုံးက အမျိုးသားညီလာခံကြီးကို ကြိုဆို ထောက်ခံ အားပေးနေကြသည့်အချိန်တွင် ပြည်တွင်းပြည်ပ က အတ္တဖြင့်ယှဉ်သည့် အုပ်စုများသည် နိုင်ငံတော်ကြီးကို ထင်သကဲ့သို့ ခြယ်လှယ်၊ ကြိုးဆွဲရုပ်လုပ်ပြီး လက်ဝါးကြီးအုပ်၊ သူတို့အကျိုးစီးပွားအတွက် အမြတ်မထုတ်နိုင်မှာကို ပူပန် သောကများရောက်ပြီး နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီး ရန် ကြံစည်လုပ်ဆောင်နေကြသည်ကို တွေ့နေရကြောင်း၊ **သို့ဖြစ်၍ မိမိတို့ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ညီအစ်ကိုများအားလုံးကလည်း ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်မှုမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါး ထိပါးမှုမှန်သမျှ၊ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း နှောင့် ယှက်မှုမှန်သမျှကို ပြည်သူ့သဘောထားလေးရပ်အတိုင်း ပြတ်ပြတ်သားသား ဖယ်ရှားသွားရမည်ဖြစ်ကြောင်း။**

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အချိန် အခါကောင်း၊ ဦးဆောင်ဦးရွက်ကောင်း ချိန်တွင် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်ဖြင့် အမျိုးသားညီလာခံ အောင်မြင် ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို အမျိုးသား ရေးတာဝန်ဖြင့် ခံယူဆောင်ရွက်သွားကြပါ။

နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် ဒို့တာဝန်အရေးသုံးပါးကို **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

INTERNET 3 1/1/32, 3:37 AM

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး သဘောတူညီချက်သစ် လက်မှတ်ထိုးရန်နှောင့်နှေးမှု အမေရိကန်ကိုအပြစ်တင်

ကာရာကတ်စ် ဇန်နဝါရီ ၇

ဗင်နီဇွဲလားနှင့် အမေရိကန်တို့၏ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး သဘောတူညီချက်အသစ် လက်မှတ်ရေးထိုးရန် နှောင့်နှေးရခြင်းသည် အမေရိကန်၏အပြစ်ဖြစ်ကြောင်းဖြင့် ဗင်နီဇွဲလားတရားရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဗင်နီဇွဲလားက ယင်းသဘောတူညီချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် အမေရိကန် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ဒီအီးအေ)သို့ အသိပေးထားပြီးဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

ဒီအီးအေမှ စုံထောက်များသည် ဗင်နီဇွဲလားနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်အန္တရာယ်ပြုစေသည့် ထောက်လှမ်းရေးဆိုင်ရာ ထိုးဖောက် ဝင်ရောက်သတင်းယူမှုများတွင် ပါဝင်ပတ်သက်နေသည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ပြောကြားခဲ့သည်။ ၎င်းသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ယခင်သဘောတူညီချက်ကို လိုက်နာနိုင်တော့မည်မဟုတ်ကြောင်း ၂၀၀၅ခုနှစ်နှစ်လယ်တွင် ပြောကြားခဲ့သည်။

ရပ်ဆိုင်းထားသည့် အဆိုပါသဘောတူညီချက်ကို အစားထိုးရန်အတွက် နောက်ထပ် သဘောတူညီချက်သစ်တစ်ရပ်ကို မည်သို့မည်ပုံ ပြောင်းလဲဆောင်ရွက်မည်ဆိုသည်နှင့်ပတ်သက်၍ အမေရိကန်နှင့် ဗင်နီဇွဲလားတို့က အသေးစိတ် ပြောကြားခြင်းမရှိကြပေ။

ဒီအီးအေက သဘောတူညီချက်အသစ်အတွက် စည်းမျဉ်းများကို ပြင်ဆင်ရေးဆွဲနေသမျှကာလပတ်လုံး ယင်းသဘောတူညီချက် လက်မှတ်ထိုးရေးအတွက် နီးစပ်ရန်ခက်ခဲလှသည်ဟု ဗင်နီဇွဲလား ပြည်ထဲရေးဝန်ကြီး ဂျက်ဆီချာကွန်က ပြောကြားသည်။

သဘောတူညီ

ယင်းသဘောတူညီချက်ကို အပြီးသတ် လက်မှတ်မထိုးရသေးလင့်ကစား ဗင်နီဇွဲလားတွင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးအတွက် ဒီအီးအေက အမေရိကန်ဒေါ်လာ ရှစ်သန်းနီးပါး အသုံးပြုရန် ဘတ်ဂျက်ကို သဘောတူညီခဲ့သည်ဟု ဝါရှင်တန်မှ မီဒီယာသတင်းများက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၀ ဦးထက်မနည်း သေဆုံး

ကဘူး ဇန်နဝါရီ ၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ဘက် ဥရုဇ်ဂန်ပြည်နယ်၌ ကြာသပတေးနေ့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ၁၀ဦး ထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

ဥရုဇ်ဂန်ပြည်နယ် တီရန်ကော့မြို့၌ ကြာသပတေးနေ့ ညနေပိုင်းတွင် အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ အပါအဝင် လူ၁၀ဦးသေဆုံးခဲ့သည်ဟု အဆိုပါ ပြည်နယ် ပြောရေးဆိုခွင့်ရှိသူ အာဒူလာဂျန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တိုက်ခိုက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို ၎င်းက အသေးစိတ်ပြောကြားခြင်းမရှိဘဲ စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။



အီရတ်နိုင်ငံ ဟစ်မြို့အနီးတွင် လုံခြုံရေးဆောင်ရွက်နေသော ကန်မရိန်းတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဝါရှင်တန်မြို့ အနီး မီးရထားလမ်းချော် လူလေးဦး ဒဏ်ရာရရှိ

ဝါရှင်တန် ဇန်နဝါရီ ၇

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီသို့ သွားသည့် လူစီးမီးရထားတစ်စင်းသည် ကြာသပတေးနေ့ စောစောပိုင်း လူစည်ကားချိန်က ယင်းမြို့အနီး လမ်းချော်မှုဖြစ်ပွားရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မီးရထားဌာနမှ တာဝန်ရှိသူများက ပြောကြားကြသည်။

ဗာဂျီးနီးယားပြည်နယ် ဖရင့်စ်ဝီလျံဒေသတွင် အဆိုပါ မီးရထားမှတွဲသုံးတွဲ လမ်းချော်သွားခဲ့ပြီး ခရီးသည်သုံးဦးနှင့် ဗာဂျီးနီးယား အမြန်မီးရထားဌာနမှ ဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု စီအင်အင်သတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရရှိသူ လေးဦးကို ဆေးရုံသို့ ခေါ်ဆောင်သွားသည်ဟု ဆိုသည်။

လူ ၅၀၀ ခန့်အဆိုပါ မီးရထားပေါ်တွင် လိုက်ပါစီးနင်းလာကြသည်ဟု ရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူ မတ်ရိဘာက ပြောကြားသည်။

အမ်ထရက်ရထား ၁၅စင်းခန့် နှောင့်နှေးကြန့်ကြာ သို့တည်းမဟုတ် သွားလာရေး အစီအစဉ်ကိုဖျက်သိမ်းလိုက်ရပြီး ခရီးသည် ၃၀၀၀ ခန့် ဒုက္ခရောက်ခဲ့ကြရသည်ဟု အမ်ထရက် ပြောရေးဆိုခွင့်ရှိသူ ကလမ်ဘလက်က ပြောကြားသည်။

ယင်းဖြစ်ရပ်၏ အကြောင်းရင်းကို လောလောဆယ် မသိရသေးပေ။

အမ်အင်အေ၊ ဆင်ဟွာ။

ကယ်ကွတ်မှ ပြည်နယ်ကောင်စီဝင်တစ်ဦးကို ဘဂ္ဂဒက်တွင် သေနတ်သမားများက ပြန်ပေးဆွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

မည်သူမည်ဝါမှန်းမသိရသော သေနတ်သမားများက အီရတ်နိုင်ငံ ကယ်ကွတ်မြို့မှ ပြည်နယ်ကောင်စီအဖွဲ့ဝင်တစ်ဦးကို ဘဂ္ဂဒက်မြို့တော်တွင် သောကြာနေ့က ပြန်ပေးဆွဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

မော်တော်ယာဉ်နှစ်စီးဖြင့် သေနတ်သမားများက ကယ်ကွတ်ပြည်နယ်ကောင်စီဝင်တစ်ဦးဖြစ်သူ အာမက် အက်ဂါနီဇာကို ကယ်လ်ရာဒက်မြို့တွင် ပြန်ပေးဆွဲခဲ့သည်ဟု ဖော်ပြပါသတင်းရပ်ကွက်က ပြောကြားသည်။

သို့ရာတွင် အဆိုပါသတင်းရပ်ကွက်က အသေးစိတ်ပြောကြားခြင်းမရှိပေ။

သီးခြားဖြစ်ရပ်တစ်ခုအဖြစ် ဘဂ္ဂဒက်ရှိ အကာအကွယ်ထူထပ်စွာ ပြုလုပ်ထားသည့် အစိမ်းရောင်ဒေသအနီး စိန်ပြောင်းကျည် ကျရောက်သည်ဟု ဘဂ္ဂဒက်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအာမက် အဗ္ဗဒူလာက ပြောကြားသည်။

ကျရောက်

စိန်ပြောင်း ကျည်တစ်စင်းသည် ဝန်ကြီးချုပ်ဟောင်း အာယက်အလာဝီ၏ဌာနချုပ်အနီး ကျရောက်ခဲ့သည်ဟု ဆိုသည်။

တစ်ချိန်တည်းတွင် အီရတ်ရဲတပ်ဖွဲ့က ဘဂ္ဂဒက်တောင်ပိုင်း ရေဆိုးသန့်စင်ရေး စက်ရုံအတွင်းရှိ ကန်အနီး အလောင်း ၁၀လောင်းကို တွေ့ရှိခဲ့သည်ဟု အဗ္ဗဒူလာက ဆက်လက်ပြောကြားသည်။ သေဆုံးသူများမှာ သေနတ်ဖြင့် ပစ်သတ်မခံရမီ ညှဉ်းပန်းနှိပ်စက်ခံထားရဖွယ်ရှိသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ရာမာဒီတွင် ဗုံးဖောက်ခွဲမှုကြောင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် ၇၀ သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရာမာဒီမြို့မှရဲတပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာနအား ပစ်မှတ်ထားတိုက်ခိုက်သည့် ဗုံးဖောက်ခွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ကြာသပတေးနေ့က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် အမှတ်(၂) မရိန်းတပ်မမှဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဗုံးဖောက်ခွဲသူက ရာမာဒီမြို့ရှိ ရဲတပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာနတွင် တန်းစီနေသည့် တပ်ဖွဲ့ဝင်သစ်များအတွင်း ဗုံးဖောက်ခွဲသဖြင့် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် လူ၇၀ သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ခုနှစ်မတ်လက ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဆိုပါက ၂၁၉၃ ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီရှိ ညကလပ်တွင်ပစ်ခတ်မှုဖြစ်ပွား၊ လူခြောက်ဦးဒဏ်ရာရ

ဘာလင် ဇန်နဝါရီ ၇

အယ်လ်ဘေးနီးယားနှင့် လက်ဘနွန်မှ ပြည်ပနိုင်ငံသားများဖြစ်သည့် ပြိုင်ဘက်အုပ်စုများအတွင်း ဂျာမနီနိုင်ငံ ဘရီမင်မြို့ရှိ ညကလပ်တွင် သောကြာနေ့က ပစ်ခတ်မှုဖြစ်ပွားရာ လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြပါ ညကလပ်မှ အယ်လ်ဘေးနီးယားနိုင်ငံသား ဝန်ထမ်းတစ်ဦး ယင်းအဆောက်အအုံ၏ရှေ့တွင် အရိုက်ခံရပြီး နှစ်နာရီအကြာတွင် ၎င်းက လူစုလူဝေးဖြင့် အခြားညကလပ်ရှေ့သို့ သွားရောက်ခဲ့ပြီး ပစ်ခတ်ရာ ဘေးမှ ရပ်ကြည့်သူ နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ညကလပ်အတွင်း ရုတ်ရုတ်သဲသဲဖြစ်ပြီး လမ်းမပေါ်သို့ ကူးစက်သွားသည်။ လမ်းပေါ်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူလေးဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သေနတ်သမားက ထွက်ပြေးသွားပြီး အခြားလူများက ရပ်နားသည့် မော်တော်ယာဉ်ဂိုဒေါင်အတွင်း ဝင်ပုန်းနေကြရာ နောက်ဆုံးအဖမ်းခံရသည်။ အသက် ၂၀မှ ၂၈နှစ်အတွင်းရှိ အယ်လ်ဘေးနီးယားနှင့် လက်ဘနွန်နိုင်ငံသားများကို ရဲက ထိန်းသိမ်းခဲ့သည်။

ဒဏ်ရာရသူခြောက်ဦးအနက် ငါးဦးကို သေနတ်ဒဏ်ရာရရှိမှုကြောင့် ကုသပေးခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဟာဘီဘီယာအရပ်တွင် ရဲတပ်ဖွဲ့ယာဉ်တန်းအား ကားဗုံးဖောက်ခွဲပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သွေးကင်ဆာဆိုင်ရာမျိုးရိုးဗီဇ သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

ရောမ ဇန်နဝါရီ ၇

အီတလီသုတေသီများက သွေးကင်ဆာပုံစံသစ် မျိုးရိုးဗီဇကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အီတလီသတင်းဌာန (အန်ဆာ) က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ သွေးကင်ဆာကြောင့် နှစ်စဉ် လူသန်းချီ၍ သေဆုံးကြရသည်။

ကုသနိုင်

အီတလီမြောက်ပိုင်းရှိ မီလန်မြို့မှ အီတလီသုတေသီများသည် သွေးကင်ဆာကုသရာတွင် ညင်ညင်သာသာဖြင့် တုံ့ပြန်စေမည့် သွေးကင်ဆာမျိုးရိုးဗီဇသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းဗီဇသစ်ဖြင့် သွေးကင်ဆာဖြစ်ပွားသူလူနာများအား ကုသနိုင်မည်ဖြစ်သည်။

အဆိုပါ သွေးကင်ဆာမျိုးရိုး ဗီဇသစ်ကို စီကေအိုင်တီဟုခေါ်ကြောင်း၊အကျိတ်ကလာပ်စည်းများ နိုးကြွစေပြီး ကုသရာတွင်အသုံးချနိုင်မည်ဖြစ်ကြောင်း၎င်းသုတေသီများကပြောကြားကြသည်။

ထူးထူးခြားခြားရရှိ

ယင်းမျိုးရိုးဗီဇသစ်တွေ့ရှိမှုကြောင့် သွေးကင်ဆာဖြစ်ပွားသူများတွင် ယင်းရောဂါရှိသည်ဟု ရှာဖွေတွေ့ရှိရပါက ၎င်းတို့အား အထူးကုသနည်းဖြင့် ကုသနိုင်မည်ဖြစ်ပြီး ဖြစ်ထွန်းမှုအခွင့်အလမ်းများ ထူးထူးခြားခြား ရရှိလာနိုင်မည်ဖြစ်သည်။

စမ်းသပ်ကုသ

မီလန်ဆေးရုံမှ ရောဘတ်တိုကိုင်ရိုလီနှင့် အင်ရစ်ကာမော်ရာတို့ ဦးဆောင်သည့်အဖွဲ့က လူနာ၆၇ဦးအား နှစ်နှစ်မျှလေ့လာစူးစမ်းပြီးနောက် ယင်းကင်ဆာမျိုးရိုးဗီဇသစ်ကို အသုံးပြုကာ အီတလီတစ်ဝန်းရှိ သွေးဘက်ဆိုင်ရာ ကုသမှုဌာန ခြောက်ခုတွင် စမ်းသပ်ကုသခဲ့သည်။

အီတလီလူမျိုး ၁၀၀၀၀၀ လျှင် လူသုံးဦးမှ လေးဦးနှုန်း သွေးကင်ဆာဖြစ်ပွားနေကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

လူသုံးကုန်ပစ္စည်းစက်ရုံများ တိုးတက်တည်ဆောက်ပေးနိုင်

တပ်မတော်အစိုးရ နိုင်ငံတော်၏ တာဝန်ကို စတင်ယူခဲ့ရစဉ်အချိန်က ကြေညာခဲ့သော လက်ငင်းလုပ်ငန်း တာဝန်ကြီး လေးရပ်အနက် တတိယတာဝန်ဖြစ်သည့် ပြည်သူများ၏ စီးပွားရေး ပြေလည်စေရန် အတွက်ဆောင်ရွက်ရာတွင် ပျက်စီး ယိုယွင်းခဲ့သော စက်ရုံအဟောင်းများကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း၊ ရေမြေသဘာဝနှင့် ကိုက်ညီသော နယ်မြေဒေသများတွင် စက်ရုံအသစ်များကို တည်ဆောက်ခြင်းတို့ကို စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

တည်ဆောက်ပေးထားသောစက်ရုံများမှ ကုန်ပစ္စည်းများ လျှာထားချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ စက်မှုလုပ်ငန်းအသီးသီးရှိ စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ပြည်ပမှ တင်သွင်းရသည့် ကုန်ကြမ်းများကို ပြည်တွင်းကုန်ကြမ်းများဖြင့် အစားထိုးအသုံးပြုနိုင်ရေး၊ ကုန်ပစ္စည်း အရည်အသွေးမြင့်မားလာစေရေးနှင့် ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များကို သုတေသနပြုတီထွင် ထုတ်လုပ်နိုင်ရေးတို့ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများ လိုအပ်သည့် လူသုံးကုန်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အထည်အလိပ်စက်ရုံ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းစက်ရုံ၊ ကြွေထည်မြေထည်စက်ရုံ၊ စက္ကူနှင့် ဓာတုဗေဒပစ္စည်းစက်ရုံနှင့် စက်ပစ္စည်း စက်ရုံအလုပ်ရုံများ တိုးတက် တည်ဆောက်ပေးနိုင်မှုတို့ကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

တိုးတက်တည်ဆောက်ပေးထားသော လူသုံးကုန်ပစ္စည်းစက်ရုံများ

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	အထည်အလိပ်စက်ရုံ	၁၇	၃၇	၂၀
၂	စားသောက်ကုန်စက်ရုံ	၃၄	၅၂	၁၈
၃	ဆေးဝါးနှင့်အိမ်သုံးပစ္စည်းစက်ရုံ	၁၅	၁၉	၄
၄	ကြွေထည်မြေထည်စက်ရုံ	၁၆	၂၁	၅
၅	စက္ကူနှင့်ဓာတုဗေဒစက်ရုံ	၈	၁၀	၂
၆	အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်ရုံ	၁၂	၂၉	၁၇
၇	စက်ပစ္စည်းစက်ရုံ	၉	၃၄	၂၅



အမှတ်(၁) စက်မှုဝန်ကြီးဌာနက တည်ဆောက်ထားသည့် အမှတ် (၃) စက္ကူစက်(ပလိပ်)ကို တွေ့ရစဉ်။

အမျိုးသားညီလာခံ

- ❖ **အ**ရေးသုံးပါး အလေးထား ဒို့များဦးတည်ချက်။
- ❖ **မျိုး**ချစ်စိတ်ဓာတ် လွန်မြင့်မြတ် စွဲမှတ်ကျင့်သုံးလျက်။
- ❖ **သား**စဉ်မြေးဆက် မပျက်ကွက် ဆက်လက်ထိန်းသိမ်းလျက်။
- ❖ **ညီ**ညွတ်ပေါင်းစု ဥပဒေပြု အလေးဂရုထားဆောင်ရွက်။
- ❖ **လာ**ကြပေါင်းသင်း ညီနောင်ရင်း လက်ချင်းတူတွဲယှက်။
- ❖ **ခံ**ယူချက်မှန် တိုင်းပြည်ရန် တွန်းလှန်ပြည်ကျိုးတွက်။
- ❖ **"အမျိုးသားညီလာခံ"** အောင်မြင်ရန် အားမာန်ပြည့်ဆောင်ရွက်။

(ကျင်းပဆဲ အမျိုးသားညီလာခံကြီးအား ဂုဏ်ပြုလျက်...)

ဖိုးရန်နိုင်(ကျောက်ကြီး)

စိန်များ မိသားစု ဓမ္မအလှူတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ပဲခူးမြို့ စိန်များမိသားစု၏ ဓမ္မအလှူတော် ပဥ္စမအကြိမ် တရားပွဲကို ဆုတောင်းပြည့် ရွှေမော်ဓောစေတီမြတ်ကြီး၏ အနောက်မုခ်ဦးအနီး ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ညစဉ်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ရက် (အင်္ဂါနေ့)တွင် အရှင်ဇဝန(မေတ္တာရှင်) မန္တလေးကျောင်း၊ ရွှေပြည်သာ ရန်ကုန်မြို့၊ ဇန်နဝါရီ ၁၁ရက်(ဗုဒ္ဓဟူးနေ့)တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ဇန်နဝါရီ ၁၂ရက်(ကြာသပတေးနေ့)တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ(သာသနာ့ဓဇ-သဒ္ဓမ္မနေပုညသာသနဇောတိပါလ ဓမ္မာစရိယ)၊ ဓမ္မကထိက ဗဟုဇနဟိတရေ(A.G.T.I-Civil) တို့က ဟောကြားကြမည်ဖြစ်သည်။ တရားခွေ၊ တရားစာအုပ်များကို ပူဇော်နိုင်ရန်အတွက် ဇန်နဝါရီ ၈ရက်မှ စတင်၍ ရွှေမော်ဓောစေတီမြတ်ကြီး၏ တရားပွဲမဏ္ဍပ်တွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဦးဝိစာရလမ်းနေ ဒေါ်ကြည်ကြည်၏ အသက်(၈၀)ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် သားသမီး ဆွေမျိုးတစ်စုက ငွေကျပ် ၃၀၀၀၀၀ ကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သင်ယူစရာပန်းချီပညာ (ရှုမျှော်ခင်းလက်တွေ့ရေးဆွဲခြင်း)
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပိုက်ဆက်အတတ်ပညာ (အပိုင်း-၂)
၇း၄၀	ဗွီစီဒီမိတ်ဆက် (အချိန်တိုင်းနေရာတိုင်း)
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၁) (ပါမောက္ခဦးခင်မောင်ဝင်း)
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	Art&Technology Talk (ဦးမြင့်မောင်ကျော်နှင့်တွေ့ဆုံခြင်း)
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	လက်ယှက်သစ်ချောင်းနှင့် ပုံဖော်သစ်ထုတ်လုပ်မှုလုပ်ငန်း
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နှစ်ရှည်သစ်ပင်အသုံးချ သုတေသနဌာန
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	လက်ဆင့်ကမ်းဝေ ဂီတအမွေ (စောင်း)
၁၀း၃၀	အသုံးပြုစရာကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့
၁၀း၅၅	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ်(အုန်းစိမ်းနုကျောက်ကျော၊လိမ္မော်ပင်ပွားကျောက်ကျော)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	သူ့ဘဝသူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ရေဆေးပန်းချီ)
၁၂း၀၀	MRTV-4 အပိတ် Logo

သိန်းသန်း စိန်ရွှေရတနာဆိုင် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

သိန်းသန်း စိန်ရွှေရတနာ(Thein Than Jewellery) ဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း(အလယ်) အမှတ်(၂၆၆)ရှိ သိန်းသန်း စိန်ရွှေရတနာဆိုင်သစ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဇမ္ဗူရတနာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးမျိုးမြင့်တို့က ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သိန်းသန်း စိန်ရွှေရတနာဆိုင်ဆိုင်းဘုတ်ကို(UMFCCI)ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များသည် ဆိုင်အတွင်း ကြည့်ရှုကြသည်။

သိန်းသန်း စိန်ရွှေရတနာဆိုင်၌ ရွှေထည်ပေါ်တွင် ဆိုင်အမှတ်တံဆိပ်ရိုက်နှိပ်ထားပြီး အဆိုတော်သရုပ်ဆောင် ထွန်းထွန်း(EXAMPLEZ) ရွှေရည်ပြည့်ဒီဇိုင်းအသစ်ဆွဲကြိုး၊ ဟန်းချိန်း၊ သရုပ်ဆောင် သက်မွန်မြင့် ရွှေရည်ပြည့် ဒီဇိုင်းအသစ်ဆွဲကြိုး၊ဟန်းချိန်း၊နားဆွဲများ၊ ရွှေရည်ပြည့်ဒီဇိုင်းအသစ် စိန်ထည်မျိုးစုံ၊ ကျောက်ထည်မျိုးစုံ၊ ရွှေထည်မျိုးစုံ၊ ပစ္စည်းမျိုးစုံတို့ကို ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေအရင်းအနီးစုဆောင်းလိုသူများ၊ ဝတ်ဆင်လိုသူများအတွက် အထူးလျှော့ဈေးဖြင့် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

သိန်းသန်း စိန်ရွှေရတနာဆိုင်းဘုတ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်စည်းဝေး၊ သက်ကြီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၈

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

(ဆည်မြောင်း)

ဥပဒေကို လေးစားလိုက်နာပါ

ယခုတစ်ခေါက် ရန်ကုန်သို့ အဆင်းခရီးတွင် မမျှော်လင့်ဘဲ ညောင်လေးပင်မြို့သို့ ခရီးတစ်ထောက်ရောက်ခဲ့ရသည်။ ညောင်လေးပင်မြို့သို့ ရောက်သော်လည်း မြို့တွင်းသို့ ရောက်ခဲ့ရခြင်း မဟုတ်ပေ။ ညောင်လေးပင်မြို့ တောရကြီးကျောင်းသို့ ခေတ္တရောက်ခဲ့ခြင်းဖြစ်သည်။ ကြည်ညိုရင်နှီးသော ကျောက်တံခါးမြို့ အသောကာရုံဆရာတော်ထံ ကန်တော့သွားရာ ဆရာတော်က ညောင်လေးပင်တောရသို့ ရောက်နေ၍ ညောင်လေးပင်တောရကြီးကျောင်းသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ ညောင်လေးပင်တောရကား သာသနာတွင် ထင်ရှားခဲ့သော ကျောင်းတိုက်ဖြစ်သည်။

ညောင်လေးပင်တောရကျောင်းတိုက်ကို မြန်မာသက္ကရာဇ် ၁၂၅၆ ခုနှစ်က တည်ထောင်ခဲ့ရာ ယခုမြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ်တွင် နှစ်ပေါင်း ၁၁၁နှစ် ရှိပေပြီ။ **“အင်ကြင်းပွင့်သီး၊ တောရကြီး”** ဟု ကျောင်းတည်သက္ကရာဇ်ကို မှတ်တမ်းပြုထားသည်။ ၁၃၅၆ခုနှစ်က ကျောင်းတိုက်ရာပြည့်ပွဲ ကျင်းပခဲ့သော်လည်း ရောက်ခွင့်မကြုံခဲ့ပေ။

စာရေးသူရောက်သွားချိန်ကား (၁၀၉)ကြိမ်မြောက် ညောင်လေးပင်တောရကြီး ဝိနည်းစာပြန်ပွဲ စတင်ကျင်းပသောနေ့ဖြစ်သည်။ ထိုစာပြန်ပွဲကို ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီးဦးသီလ စတင်တည်ထောင်ခဲ့သည်။ တောရကြီးကျောင်း ပထမဆရာတော်မှာ ဦးသောမ ဖြစ်သည်။ တတိယ ဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအရိယဖြစ်သည်။ဆရာတော်၏ ဇာတိဌာနေ ဖွားရာမြေမှာ ညောင်လေးပင်မြို့နှင့် လေးမိုင်ကွာ ပုဇွန်မြောင်းရွာ ဇာတိဖြစ်သည်။

ဆရာတော် ဦးအရိယ၏ ဘဝတစ်စိတ်တစ်ဒေသ အတ္ထုပ္ပတ္တိကို ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခက **‘ရဟန်းမစားရသော ဆွမ်းတစ်နပ်’** တွင် ထည့်သွင်းရိုက်ကူးထား၍ သတိပြုမိသူတိုင်း သိပေမည်။ ဆရာတော်သည် ကျမ်းပေါင်း ၁၆ ကျမ်း ရေးသားပြုစုခဲ့သည်။ ဆရာတော်က ကျမ်း၏အမည်များကို ‘အရသာ’ အမည်ဖြင့် ရေးသားတော်မူခဲ့သည်။

ဒွေမာတိကာအရသာ၊ အလင်္ကာအရသာ၊ ဂုဏ်တော်အရသာ၊ ဘာဝနာအရသာ၊ ဝိသုဒ္ဓိမဂ်အရသာ စသည်ဖြင့် အရသာအမည်ဖြင့် ကျမ်းအမည်များကို ပေးထားသည်။ အလင်္ကာကျမ်းလာ ရသစာပေ ကိုးမျိုးရှိရာ ယနေ့စာပေပညာရှင်များက ‘သုတရသ’ ဟု ရသစာပေတွင် သွင်းထားသည်။ ညောင်လေးပင်ဆရာတော်သည် မိမိ၏ ကျမ်းစာများကို ‘အရသာ’ ဟု အမည်ပေးထားရာ ‘သုတရသ’ ဟူသော စာပေကို ဆရာတော်က ဦးဦးဖျားဖျား တီထွင်ခဲ့သည်ဆိုရသော် ဆိုနိုင်ဖွယ်ရှိပါသည်။

ရောက်တုန်းရောက်ခိုက် ကျောင်းတိုက်အတွင်း လှည့်ပတ်ကြည့်မိပါသည်။ **‘ရာပြည့်ဗိမာန်တော်’** ဟုအမည်တပ်ထားသောတိုက်ကလေး တစ်လုံးကို တွေ့ရသည်။ အတွင်းသို့ဝင်ကြည့်သောအခါ ရာပြည့်ဗိမာန်တော် အရှင်ဝိဇယနှင့်တပည့် ဒါယကာ၊ ဒါယိကာမများ ကောင်းမှုဖြစ်သည်။ ပြွန်တန်ဆာ ဇမ္ဗူအေးဆရာတော် ဖြစ်သည်။

ဗိမာန်အတွင်း၌ ဆရာတော်ကြီးသုံးပါး၏ ရုပ်တုပုံတော်သုံးပုံ ထုလုပ်ထားသည်။သက်ဆိုင်ရာ ဆရာတော်၏ ဘဝသမိုင်းနောက်ခံ ပန်းချီကားများရေးဆွဲထားသည်။ ညောင်လေးပင် ပန်းချီဝင်းသူနှင့်အဖွဲ့ လက်ရာ ဖြစ်သည်။ ဆရာတော်ကြီးသုံးပါးမှာ–

၁။ ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလ

၂။ တောရကြီးကျောင်း ပထမဆရာတော် ဦးသောမ

၃။ တတိယဆရာတော် ဦးအရိယ (အဂ္ဂမဟာပဏ္ဍိတ)

တို့၏ ပုံတော်များဖြစ်သည်။ တိုက်နံရံတွင် ဘုန်းတော်ကြီး ဦးသီလ၏ အဆုံးအမ ဩဝါဒနှင့် ဆရာတော် ဦးအရိယ၏ ဩဝါဒကောက်နုတ်ချက်များကို ရေးသားထားသည်။ ရဟန်းရှင်လူအားလုံးနှင့် သက်ဆိုင်သော ဩဝါဒများဖြစ်၍ တင်ပြပါဦးမည်။ ဘုန်းတော်ကြီး ဦးသီလ၏ ဩဝါဒမှာ **“သီလ အထိမခံနှင့်”** ဟူ၍ အောက်ပါအတိုင်းဖြစ်သည်–

ဒွေးလွှင် (ဆားလင်းကြီး)

(၁) ပစ္စည်းနှင့် အင်္ဂါခြေလက် တစ်ခုခုအန္တရာယ်တွေ့လျှင် အင်္ဂါခြေလက် အထိမခံနှင့် ပစ္စည်းအပျက်ခံ။

(၂) အင်္ဂါခြေလက်နှင့် အသက်တစ်ခုခု အန္တရာယ်တွေ့လျှင်အသက် အထိမခံနှင့် အင်္ဂါခြေလက် အပျက်ခံ၊

(၃) အသက်နှင့် သီလ တစ်ခုခု အန္တရာယ်တွေ့လျှင် သီလအပျက်မခံနှင့် အသက်အပျက်ခံ၊

ကိုယ်ကျင့်သီလ မပျက်ရေးကို အလေးအနက် ဩဝါဒပေးထားရာ သီလကို စောင့်ထိန်းလိုသော ရှင်ရောလူပါ မှတ်သားလိုက်နာသင့်လှသည်။ ဆရာတော်ဦးအရိယအဂ္ဂမဟာပဏ္ဍိတ၏ မှတ်သားဖွယ်ဩဝါဒကိုလည်း အောက်ပါအတိုင်း ရေးသားထားသည်–

ကုန်ရှုံးတစ်ခေါက်

ပုဂ္ဂိုလ်ခန္ဓာကောင်ကြီး ဖြူမည်းကြီးငယ်မရွေးနှင့် သီလစသော ဂုဏ်ကိုရွေး၊ ဂုဏ်ပါပါစေ၊ ကုန်ရှုံးတစ်ခေါက်၊ ဂုဏ်ရှုံးတစ်သံသရာလုံး ဟု မှတ်။

ဆရာတော်က ပုဂ္ဂိုလ်တစ်ယောက်၏ ခန္ဓာကောင်ဖြူသည်၊မည်းသည်၊ ကြီးသည်၊ ငယ်သည် မရွေးချယ်နှင့်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိသူကို ရွေးချယ်ပါ၊ဆည်းကပ်ပေါင်းသင်းပါ။ သီလ၊ သမာဓိ၊ ပညာဂုဏ်မရှိသူနှင့် ပေါင်းသင်းဆက်ဆံ ဆည်းကပ်ပါက တစ်သံသရာလုံး အရှုံးထွက်မည်။ ကုန်ရှုံးက တစ်ဘဝသာရှုံးမည်ဟူ၍ ပုဂ္ဂိုလ်ရွေးချယ် ပေါင်းသင်းမှု မမှားကြရန် ညွှန်ပြထားသည်။

ဆရာတော်ဦးအရိယ၏ နောက်ဆုံးဩဝါဒကိုလည်း ဖော်ပြထားသည်။ ဆရာတော်သည် နောက်ဆုံးဩဝါဒကို နှုတ်ကပြောနိုင်သည် မဟုတ်ပေ။ ရန်ကုန်ဆေးရုံကြီး အထူးခန်းတွင် လေငန်းရောဂါဖြစ်၍ တက်ရောက်ကုသမှု ခံယူတော်မူသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကုသပျောက်ကင်းခဲ့သော်လည်း တတိယအကြိမ်၌ ကိုယ်လက် အနည်းငယ် လှုပ်ရှားနိုင်သော်လည်း ပါးစပ်က မပြောနိုင်တော့ပေ။ အစာမဝင်၍ အားမရှိသဖြင့် မွန်းလွဲ၊ ညနေပိုင်းတွင် သူနာပြုများက လက်ဖက်ရည်၊ ကော်ဖီ၊ ဆန်ပြုတ်သောက်ရန် လျှောက်ထားကြသည်။ နှုတ်ကမပြောနိုင်၍ စာရွက်တွင် အားခဲ၍ အောက်ပါအတိုင်း ရေးပြတော်မူသည်–

ဥပဒေကို လေးစားလိုက်နာပါ

နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ ဥပဒေကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံသည်။

ထို့အတူ မြတ်စွာဘုရား၏တပည့်သားဖြစ်ကြသော သာသနာတော်ထမ်း ရဟန်း၊ သာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်း ဒေသနာတော်ကို လိုက်နာကြရပေသည်။

ဆရာတော်သည် ဤစာလေးကိုရေးပြီး မကြာမီ ဘဝနတ်နန်း စံမြန်းတော်မူခဲ့သည်။ ဆရာတော်ဦးသီလ၏ အဆုံးအမအတိုင်း သီလ အပျက်မခံဘဲ အသက်ကို စွန့်လွှတ်ခြင်းပင်ဖြစ်သည်။

ဆရာတော်၏ ဤအဆုံးအမကား လူရောရှင်ပါလိုက်နာကျင့်သုံးသင့်လှသည်။ ယနေ့နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည်။ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်တွင် ပထမအချက်မှာ တရားဥပဒေစိုးမိုးရေး ပင်ဖြစ်သည်။ ထို့ကြောင့် ယခုဆောင်းပါးကို **“ဥပဒေကိုလေးစားလိုက်နာပါ”** ခေါင်းစီးတပ်ကာ ရေးသားအပ်ပါသတည်း။ ။

နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ဥပဒေကိုတစ်သဝေမတိမ်း လိုက်နာကျင့်ကြံသည်။

ထို့အတူ မြတ်စွာဘုရား၏တပည့်သား ဖြစ်ကြသော သာသနာတော်ထမ်း ရဟန်း၊ သာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်း ဒေသနာတော်ကို လိုက်နာကြရပေသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၁၀ ၇။ အတီးပြိုင်ပွဲ

၈:၂၀ ၈။ ဇိုက္ကရဲရေထိန်းတံခါး

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice In Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**

၅:၁၅ ၆။ အကပဒေသာ

၅:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား (အပိုင်း–၃)

၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ

၅:၄၅ ၉။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး” (အပိုင်း–၅၃)**

၆:၅၀ ၁၃။ စက်မှုစွမ်းအားခေတ်ကျော်လွှား

၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်လှေကားထစ်လေးများ” (အပိုင်း–၂၈)**

၇:၄၀ ၁၅။ တေးဂီတအစီအစဉ်

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း “အမြင့်ဆုံး” (အပိုင်း–၁) (ရန်အောင်၊ မေသန်းနု) (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

ဆုချီးမြှင့်

အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း ဒဂုံမြို့သစ် မြောက်ပိုင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ထူးချွန်ဆုရ တတိယတန်းမှ မမမမိုးထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရွှေပြည်ဟိန်းကျောင်း အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အဆုံးအမနှင့် ဘာသာစာပေပြန့်ပွားရေး အထိမ်းအမှတ်အဖြစ် အထူးတရားပွဲကို ရန်ကင်းပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ တပည့်ဖြစ်သော ရွှေပြည်ဟိန်းဆရာတော်အရှင်ခေမာသိရီလင်္ကာရ ဦးစီး၍ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ရက်ညတွင် ရွှေပါရမီတောရ အရှင်ဆန္ဒာဓိကနှင့် ဇန်နဝါရီ ၁၁ရက်ညတွင် ရွှေပြည်ဟိန်းဆရာတော်ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာသိရီလင်္ကာရတို့က တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်နာကြားနိုင်ကြရန် ဖိတ်ကြားထားသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်

၇:၀၅ ၂။ အဖွင့်သီချင်း

၇:၁၀ ၃။ မျိုးချစ်တပ်မတော်

၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း

၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်

၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်

၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်

၄:၀၅ ၂။ အဖွင့်သီချင်း

၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ

၄:၂၀ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း

၄:၃၅ ၆။ မျိုးချစ်တပ်မတော်

၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်

၅:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး

၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

၆:၁၀ ၁၀။ နိုင်ငံတကာသတင်း

၆:၂၀ ၁၁။ မိုးလေဝသသတင်း

၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်

၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ထုံးရယ်မပြယ် (အပိုင်း–၁)**

၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း

၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

၁၇။ မေးမြန်းစူးစမ်း

၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်

၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားရှင် (အပိုင်း–၄၂)**

၂၀။ သင့်အတွက်မနက်ဖြန်

၂၁။ အပိတ်နှုတ်ဆက်စကား

၂၂။ ပြီးပါပြီ။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မိမိတို့နိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ် နိုင်ငံ၏အကျိုး၊ ပြည်သူ့အကျိုးကို ပြည်သူများကိုယ်တိုင် ဖော်ဆောင်ခွင့်ရှိ

✧ **စာမျက်နှာ ၃မှ**

ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူက အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များအတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံကာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၊ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး နေ့မအား ညမနား တည်ဆောက်ခဲ့၍ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် တစ်ချိန်က သမိုင်းကြောင်းတစ်လျှောက်၌ မိမိတို့ကချင်ပြည်နယ်အတွင်း တစ်ကြိမ်တစ်ခါမျှမခံစားခဲ့ဖူးသည့် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေ စိုးမိုးခြင်းတို့ကို ခံစားပြီး လုပ်ငန်းခွင်များအားလုံးကို လုံခြုံစွာဖြင့် ပြည်သူအများ ဆောင်ရွက်နေနိုင်ကြပြီဖြစ်ကြောင်း။

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပြည်နယ်အတွင်းဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ကျေနပ်မှုအပြည့်အဝဖြင့် ကြည်နူးကျေနပ်နေကြရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့တစ်နိုင်ငံလုံး၏ အနာဂတ်အတွက် ကဏ္ဍအသီးသီး၌ တည်ဆောက် အကောင်အထည်ဖော်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံအတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံအဝန်းမှ လူထုကိုယ်စားလှယ်များနှင့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း။

ဆန္ဒဖော်ထုတ်

အမျိုးသားညီလာခံလုပ်ငန်းအဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာရေး တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပါကြောင်း၊ အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးများ၌ လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြပြီး မိမိတို့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်တင်ပြနေကြကြောင်း။

အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ (၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူအချို့ကိုတညီတညွတ်တည်း ချမှတ်အတည်ပြုနိုင်ခဲ့၍ ၇၀ရာခိုင်နှုန်းနီးပါးပြီးစီးနေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် လိုအပ်သော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏အကျိုး၊ ပြည်သူ့အကျိုးကို ပြည်သူများကိုယ်တိုင် ဖော်ဆောင်ခွင့်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊ **နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်နေသည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် မြန်မာ့ဆန္ဒ၊ မြန်မာ့အကျိုး၊ မြန်မာ့အနာဂတ်ကို မြန်မာ့ပိုင်ခွင့်အရ မြန်မာများကိုယ်တိုင် ချမှတ်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း**၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နေခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကို ယူချိန်မှစပြီး အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ ဆွေးနွေးတိုင်ပင်နေကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးလှပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်ရေး အမျိုးသားပန်းတိုင်သို့ လျှောက်လှမ်းရန် အမျိုးသားညီလာခံကြီးသည် အဓိကကျလှကြောင်း။

ထို့ကြောင့် လူထုအစည်းအဝေးသို့ အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်သွင်းသွားသည်။

ယင်းနောက် ဝိုင်းမော်မြို့နယ်မှ ရပ်မိရပ်ဖ ဦးဆယော်ပေါလုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြရာတွင် မိမိတို့နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ပြီး မိမိတို့ယုံကြည်သက်ဝင်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်နိုင်ကြကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းအစဉ်အလာများ၊ ကိုးကွယ်သည့် ဘာသာ တရားများသည် ဒေသအလိုက်၊ လူမျိုးစုအလိုက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအလိုက် ခွဲခြား၍ မရနိုင်လောက်အောင် ပေါင်းစည်းယှက်နွှယ်နေကြောင်း၊တစ်ဦးနှင့်တစ်ဦး

ဝိုင်းမော်မြို့နယ်မှ ရပ်မိရပ်ဖ ဦးဆယော်ပေါလု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ချစ်ကြည်ရင်းနှီးမှု၊ ကြည်ဖြူဖေးမမှု၊ ရိုင်းပင်းကူညီမှုများဖြင့် ပေါင်းစည်းညီညွတ်မှုများ ရှိနေကြောင်း၊ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများအားလုံး မှီခိုအားထားရာ သာယာချမ်းမြေ့သည့် မိသားစုအိမ်ဂေဟာကြီး တစ်ခုဖြစ်ကြောင်း။

စည်ပင်ဝပြောနေ

နိုင်ငံ၏ နယ်မြေဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းပေါင်းယှက်နေထိုင်သကဲ့သို့ မိမိယုံကြည်သက်ဝင်ရာ ဘာသာကိုးကွယ်ပြီး ရင်းနှီးချစ်ကြည်ညီညွတ်စွာ နေထိုင်ကြကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ ယုံကြည်ကိုးကွယ်ရာဘာသာတရားများသည် အချင်းချင်း ပဋိပက္ခဖြစ်မှု၊ အားပြိုင်မှုများ ကင်းစင်ပြီး၊ လွတ်လပ်စွာ ရှင်သန်ထွန်းကားနေကြောင်း၊ ဘာသာတရား အသီးသီးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအသွယ်သွယ်၏ ကောင်းမြတ်သည့် အမွန်မြတ်တရားများ ပေါင်းစည်း လွှမ်းခြုံမှုနှင့်အတူ နိုင်ငံတော်ကြီး အေးချမ်းသာယာ စည်ပင်ဝပြောနေခြင်းဖြစ်ကြောင်း၊ မိမိတို့ယုံကြည်ရာ ဘာသာတရား၏ မွန်မြတ်သော သွန်သင်ဆုံးမမှုများနှင့်အညီ တည့်မတ်မှန်ကန်စွာ ကျင့်ကြံနေထိုင်နိုင်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဘာသာရေးဆိုင်ရာ နေ့ကြီးရက်ကြီးများကို အထူးအလေးထားပြီး ဗုဒ္ဓဘာသာနေ့ကြီးရက်ကြီးများဖြစ်သည့် လပြည့်နေ့၊ ဥပုဒ်နေ့များ၊ ခရစ်ယာန်ဘာသာ နေ့ကြီးရက်ကြီးများဖြစ်သည့် ခရစ္စမတ်နေ့၊ အစ္စလာမ်ဘာသာ နေ့ကြီးရက်ကြီးများဖြစ်သည့် ဘက္ကာရီးအစ်နေ့၊ ဟိန္ဒူဘာသာနေ့ကြီးရက်ကြီးများဖြစ်သည့် ဒီပါဝလီနေ့များတွင် အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြီး လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းသည် စစ်မှန်သည့် ဘာသာရေးဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ ဘာသာရေးခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် ဘာသာရေးအရ အထွတ်အမြတ်နေရာများဖြစ်သည့် ဗုဒ္ဓဂယာနှင့် မက္ကာဘုရားဖူးခွင့်များ၊ ပြည်ပနိုင်ငံများမှ ကျင်းပနေသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ ဘာသာရေးပေါင်းစုံ ချစ်ကြည်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အစည်းအဝေးများကို လွတ်လပ်စွာ တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြောင်း၊ ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စု တစ်ဝန်းတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစသည့် ဘာသာများနှင့် ရိုးရာနတ်ကိုးကွယ်သူများသည် စိတ်လက်ချမ်းမြေ့စွာ လွတ်လွတ်လပ်လပ် ကိုးကွယ်နိုင်ကြကြောင်း။

ထို့ကြောင့် ဘာသာရေးနှင့်ပတ်သက်ပြီး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုကို ပြည်သူပြည်သားတိုင်း မွေးရာပါ အမျိုးသားရေး အခွင့်အရေးအဖြစ်ရရှိထားကြောင်းကို တင်ပြလိုကြောင်း၊ ရန်ကုန်မြို့တော်၏ ဗဟိုအချက်အချာနေရာဖြစ်သည့် ရန်ကုန်မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ တစ်ဝိုက်မှာကြည့်လျှင် ဗုဒ္ဓဘာသာဝင်တို့၏ ဆူးလေစေတီ၊ အစ္စလာမ်ဘာသာဝင်တို့၏ ဗလီကြီးတစ်ခု၊ ခရစ်ယာန်ဘာသာဝင်တို့၏ ဓမ္မဗေလ (Church)တို့ နီးနီးကပ်ကပ်ရှိနေကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဘာသာရေးနှင့် ပတ်သက်ပြီး–

"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော် လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

– ဘာသာ၊ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါအခွင့်အရေးတွင် မပါဝင်စေရ။

– ထိုသို့ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

– နိုင်ငံတော်သည် အစ္စလာမ်ဘာသာ၊ သာသနာ၊ ခရစ်ယာန်ဘာသာ၊သာသနာ၊ ဟိန္ဒူဘာသာ၊ သာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာ၊ သာသနာများဟူ၍ အသိအမှတ်ပြုသည်။

– နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

– နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော် သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးတွင် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်"

ဟု အတိအလင်းဖော်ပြထားကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားအားလုံး၏ ဘာသာရေးဆိုင်ရာ လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်နှင့် ပြည့်စုံသည့်အကာအကွယ်များပေးထားခြင်းများ ပြည့်စုံစွာပါရှိပြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် စစ်မှန်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တစ်ခုတည်းသော ပြည်ထောင်စု ကိုယ်စားလှယ်များအားလုံး ညှိနှိုင်းတိုင်ပင်ဆွေးနွေးနေသည့် နည်းလမ်းဖြစ်သည်ဆိုသည်ကို ကောင်းစွာ သဘောပေါက်ယုံကြည်ကြောင်း။

ထို့ကြောင့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး ဦးရားဝမ်ဂျူ တင်သွင်းသွားသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထောက်ခံတင်ပြ

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြရာတွင်အမျိုးသားညီလာခံကြီးသည် နိုင်ငံ၏ အနာဂတ်ကောင်းကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ ညှိနှိုင်းတိုင်ပင် ရေးဆွဲနေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်သည့်နိုင်ငံပီပီ မိမိတို့နိုင်ငံ၏ ကောင်းကျိုးချမ်းသာကို မိမိတို့ပြည်သူများကသာ လွတ်လွတ်လပ်လပ် ဖော်ဆောင်အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်စုပေါင်းပြီး အေးအတူပူအမျှ အတူတကွ နေလာခဲ့ကြသည့် နိုင်ငံဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူ၊ တပ်မတော် လက်တွဲပူးပေါင်းပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံနှင့် နိုင်ငံသား ၅၅သန်းကျော်၏ အကျိုးစီးပွားကို မိမိတို့ နိုင်ငံသားများကသာ သယ်ပိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အခြေခံကောင်းများရရှိ

အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံမူ ၁၀၄ချက် ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်ပြီး**"နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်"**ဟု ဖော်ပြထားကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းရေး ဆောင်ရွက်နေကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံမူလေးချက် ပါဝင်ကြောင်း။

– နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။

– နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်။

– နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်။

– နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်မည်

တို့ ဖြစ်ကြောင်း။

ဤအချက်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကြီးမားကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့သည့် အမျိုးသားနိုင်ငံရေးတာဝန်ကြီး မတိမ်းမစောင်းရလေအောင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနည်းတူ အသက်ပေးတာဝန်ကျေပွန်သည့် တပ်မတော်ကိုယ်စားလှယ်များလည်း တာဝန်ရှိ

☆ စာမျက်နှာ ၇ မှ
ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မူလတန်းပညာကို အခမဲ့သင်ခွင့်နှင့် အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်ပညာသင်ကြားခွင့်ရရှိရေးသည် အမျိုးသား ပညာရည်မြင့်မားရေး၊ ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးဖြစ်ကြောင်း။

လက်တွေ့ဆောင်ရွက်နေ

မိမိတို့ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုအစဉ်အလာအရ မိသားစုအသွင်နှင့် စုပေါင်းဝိုင်းဝန်း လုပ်ဆောင်မှုများ၊ တစ်ဦးလိုအပ်သည့်အကူအညီကို တစ်ဦးက ဝိုင်းဝန်း စုပေါင်းလုပ်ဆောင်မှုများသည် မြန်မာလူမျိုးတိုင်း၏ ကိုယ်ပိုင်အသိစိတ်ဓာတ် စိတ်စေတနာအလျောက် ခံယူလုပ်ဆောင်တတ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း အဓမ္မခိုင်းစေမှုများ မရှိစေရေးအတွက် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေရေးရာကို လက်တွေ့ဆောင်ရွက်နေကြောင်း။

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတွင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေကြောင်း၊ အမျိုးသားညီလာခံကြီးကလည်း နိုင်ငံတော် ရှေ့ရေးမျှော်တွေးပြီး ဒီမိုကရေစီနည်းကျ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်နေကြောင်း၊ **အမျိုးသမီးများ၏ အခွင့်အရေးကို အမျိုးသားများနှင့်တန်းတူ ပြည့်ပြည့်ဝဝပေးထား၍ မိမိတို့ စိတ်ဝမ်းနှလုံးချမ်းမြေ့ရကြောင်း၊** ထို့ကြောင့် မိမိတို့ အမျိုးသမီးထုတစ်ရပ်လုံးက အဆိုရှင် ကချင်ပြည်နယ်

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်သန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံ တင်သွင်းသွားသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အသင်းဝင် အင်အားလေးသန်းခွဲကျော်ရှိကြောင်း၊ မိမိတို့အသင်းသည် နိုင်ငံသားကောင်းများ မွေးထုတ်ပေးနေသည့် မိခင်များ အနာဂတ်နိုင်ငံတာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူမည့် နိုင်ငံ၏ အညွန့်၊ အဖူးကလေးငယ်များကို စောင့်ရှောက်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံအနာဂတ်ကို ကိုယ်စားပြုရင်း နိုင်ငံတော်၏ အနာဂတ်အကျိုးကို မျှော်ကိုးပြီး အမျိုးသား ညီလာခံတွင် ဆွေးနွေးတိုင်ပင်နေကြသည့် နိုင်ငံတစ်ဝန်းက ကိုယ်စားလှယ်တော်ကြီးများ၏ မေတ္တာ၊ စေတနာကို သဘောပေါက်ကြောင်း။

နေ့မအားညမနား

ယနေ့ နိုင်ငံတော်တွင် ပြည်သူများသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူနှင့်တပ်မတော် လက်တွဲပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံ နေ့မအားညမနား အကောင်အထည်ဖော် တည်ဆောက်နေကြခြင်းသည်လည်း နိုင်ငံတော်အနာဂတ်အတွက် အခြေခံအဆောက်အအုံများပင် ဖြစ်ကြောင်း။

အစိုးရ၊ ပြည်သူ၊ တပ်မတော်၏ တူညီသောဆန္ဒ၊ တူညီသော ရည်မှန်းချက်တို့ကြောင့် နိုင်ငံတော်ကြီး တိုးတက်ဝပြောရေးကို ညီညီညွတ်ညွတ် တွဲယှက်ဆောင်ရွက်နိုင်နေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ဤရည်မှန်းချက်ရောက်အောင် ဦးတည်ကြိုးပမ်းခဲ့၍ မိမိတို့နိုင်ငံသည် ယခုကဲ့သို့ ငြိမ်းအေးသာယာ တိုးတက်ဖွံ့ဖြိုးမှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

မိမိတို့ အပြုသဘောဆောင်သည့် အမျိုးသားရေး အင်အားစုကြီး၏ ကြိုးပမ်းဆောင်ရွက်မှု၊ အောင်မြင်မှုများ ရရှိနေကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်း ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ မိမိတို့ ကချင်ပြည်နယ်သည်လည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့နိုင်ကြကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အခြေခံအကျဆုံး အမျိုးသားညီလာခံကြီးကို ကျင်းပနေပါကြောင်း၊ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူ (၁၀၄)ချက်ကို အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

အခြေခံမူ(၉)ချက်

ယင်းအထဲက နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်များနှင့် စပ်လျဉ်းသည့် အခြေခံမူ(၉)ချက်ကို ရှင်းပြလိုကြောင်း။

- **တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။**
- **နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့ ခံစားခွင့်ရှိသည်။**
- **တရားရုံး၏ ခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို ၂၄နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခွင့် မရှိစေရ။**
- **နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။**
- **နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။**
- **နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန် တာဝန်ရှိမည်။**
- **နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန် တာဝန်ရှိမည်။**
- **ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။**
- **နိုင်ငံသားများ၏ လွတ်လပ်ခွင့်လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာ ပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းမည်။**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီး လဇွမ်ခမ်းအောင်(အငြိမ်းစား)က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ၚင်းတို့သည် နိုင်ငံသားတိုင်းရရှိမည့် အခွင့်အရေးကို နိုင်ငံတော်က အာမခံပေးထားသည့် မွေးရာပါရပိုင်ခွင့်များ ဖြစ်ကြောင်း။

မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့် စပ်လျဉ်းသည့် အခြေခံမူ(၂)ချက်မှာ–

- **နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ သားသမီးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်။**
- **နိုင်ငံတော်သည် မသန်မစွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အလွယ်တကူ သင်ယူနိုင်စေရန် စီမံဆောင်ရွက်မည်**

ဆိုသည့် အချက်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် မိခင်၊ ကလေးနှင့် အိုမင်းမစွမ်းသူများကို ကာကွယ်စောင့်ရှောက်သည့် အချက်များဖြစ်ကြောင်း။

အခြေခံမူများ ချမှတ်နေ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက်အခြေခံမူများ ချမှတ်နေကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ အမျိုးသားရေးကို ဦးထိပ်ထားသော တိုင်းရင်းသားလူမျိုး

ကချင်အထူးဒေသ(၁)မှ ဗဟိုကော်မတီဝင် ဦးလန်ကျော့ဆောင်တိန့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့က စည်းလုံးချစ်ကြည်မှုကို မဏ္ဍိုင်ပြုသည့် အမျိုးသား ညီလာခံကြီးကသာ အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွက် အရေးပါလှသည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပသွားရေးကို ပြည်သူတစ်ရပ်လုံး ကြိုဆိုထောက်ခံအားပေးကြကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်ရပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားမည်။

ထောက်ခံဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီး လဇွမ်ခမ်းအောင်(အငြိမ်းစား)က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြရာတွင် အမျိုးသားညီလာခံသည် နိုင်ငံတော်တွင် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ဆွေးနွေးနေကြခြင်းဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပြီး အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံသည် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ အနာဂတ်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး အမျိုးသားရေး

ပန်းတိုင်ရောက်ရန် အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနေခြင်းဖြစ်ကြောင်း။

အတည်ပြုချမှတ်ခဲ့

အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူ (၁၀၄)ချက်ကို အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတို့အနက်က တပ်မတော်နှင့် စပ်လျဉ်းသည့် အခြေခံမူများ(၆)ချက်ကို ရှင်းလင်းတင်ပြလိုကြောင်း၊ အဆိုပါ အချက်များမှာ–

- **တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့်တစ်ခုတည်းသော တပ်မတော်ဖြစ်သည်၊**
- **တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊**
- **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်၊**
- **တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်၊**

ကချင်အထူးဒေသ(၂)မှ ဗဟိုကော်မတီဝင် ဦးခွန်နောင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

- **တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်**

ဟု ဖော်ပြထားကြောင်း။

နိုင်ငံတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ကြီးမားကျယ်ဝန်း နက်ရှိုင်းသိမ်မွေ့သည့် အမျိုးသားနိုင်ငံရေးတာဝန်ကြီးကို မတိမ်းမစောင်းရလေအောင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနည်းတူ အသက်ပေးတာဝန်ကျေပွန်သည့် တပ်မတော်ကိုယ်စားလှယ်များသည်လည်း တာဝန်ရှိကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူတို့ ဒုက္ခအခက်အခဲကြုံတွေ့တိုင်း ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ အသက်အိုးအိမ်ကို တာဝန်သိသိသစ္စာရှိရှိ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ပြည်ထောင်စုကြီး ပြိုကွဲမည့်အရေးအခြေအနေဆိုးမှ ကာကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊** ဤသမိုင်းသင်ခန်းစာကို ရယူပြီး အနာဂတ်နိုင်ငံတော်လျှောက်လှမ်းရမည့် ခရီးလမ်းတွင် တပ်မတော်သည် အမိနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို ပါဝင်ကူညီ ဆောင်ရွက်နိုင်ရန်အတွက် **“နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး”** ဆိုသည့်အချက်ကို ချမှတ်ခြင်း ဖြစ်ကြောင်း။



အကောင်းကို အဒ[illegible]
နိုင်ငံတော်နှင့်လက်တွဲပြီး[illegible]

နိုင်ငံခြားရေး

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှ[illegible]
ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံက ဖွဲ့စ[illegible]
ဥပဒေရေးဆွဲရေးအတွက် အခြေခံမူ(၁၀၄)[illegible]
ခဲ့ကြောင်း၊ နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့်[illegible]
**“နိုင်ငံတော်အတွင်းမည်သည့်နိုင်ငံခြားတပ်ဖွဲ့[illegible]
ခွင့်မပြု”**ဟုဖော်ပြထားကြောင်း၊ နိုင်ငံတော်[illegible]
ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒအတိုင်[illegible]
အရေးသုံးပါးကို ကာကွယ်ပြီး ကမ္ဘာ့ငြိမ်းချမ်[illegible]
အတွင်း လုံခြုံရေးကိုအာမခံသည့် ငြိမ်းချမ်းစွာ[illegible]
နေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံပြီး နိုင်ငံ[illegible]
ရေးရှုချမှတ်ထားခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အခြေခံ[illegible]
**တော်သည် လက်မှုလယ်ယာမှ စက်မှု[illegible]
ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊[illegible]
ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံး[illegible]
ပေးမည်”**ဟု ချမှတ်ထားကြောင်း။

စက်မှုလက်မှုနှင့်စပ်လျဉ်းသည့် အခြေခံ[illegible]
**တော်သည် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုး[illegible]
လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊[illegible]
ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြ[illegible]
မည်”**ဟု ချမှတ်ထားပါကြောင်း။

အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် အခြေခံ[illegible]
**တော်သည် ပြည်သူများ အလုပ်လက်မဲ့ န[illegible]
တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်”** ဟု[illegible]
ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးပန်း[illegible]
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်[illegible]
ကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီ[illegible]
လာရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေတ[illegible]
ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ဝ[illegible]
ပြည်သူကိုယ်စားလှယ် စုံစုံညီညီ ဆွေးနွေးညှိ[illegible]
အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ[illegible]
အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ စုစည်း[illegible]
စွမ်းအား ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်[illegible]
ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်[illegible]

ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသား ညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)



အကောင်းကို အဆိုးနှင့် ဘယ်တော့မှ လဲမည်မဟုတ်ဟု အခိုင်အမာခံယူထား နိုင်ငံတော်နှင့်လက်တွဲပြီး အမျိုးသားညီလာခံကြီး အောင်မြင်ပြီးဆုံးသည်အထိ ပါဝင်ကြိုးပမ်းသွားမည်

နိုင်ငံခြားရေး

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံက ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူ(၁၀၄)ချက် ချမှတ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူက **"နိုင်ငံတော်အတွင်းမည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြု"**ဟုဖော်ပြထားကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒအတိုင်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသအတွင်း လုံခြုံရေးကိုအာမခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံပြီး နိုင်ငံတော်အကျိုးရှေးရှုချမှတ်ထားခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အခြေခံမူမှာ **"နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည်"**ဟု ချမှတ်ထားကြောင်း။

စက်မှုလက်မှုနှင့်စပ်လျဉ်းသည့် အခြေခံမူမှာ **"နိုင်ငံတော်သည် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည်"**ဟု ချမှတ်ထားပါကြောင်း။

အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် အခြေခံမူမှာ **"နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်"** ဟု ချမှတ်ထားကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တိုင်းရင်းသားပြည်သူကိုယ်စားလှယ် စုံစုံညီညီ ဆွေးနွေးညှိနှိုင်းနေသည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး၏ စုစည်းညီညွတ်သည့် စွမ်းအား ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံပြီး ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူ တင်သွင်းသွားသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အမျိုးသားရေးတာဝန်

ယင်းနောက် ကချင်အထူးဒေသ(၁)မှ ဗဟိုကော်မတီဝင် ဦးလန်ကျော်ဆောင်တိန့်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတော်ကြီးကို တိုင်းရင်းသားလူမျိုးစုများ ပေါင်းစည်းယှက်နွယ် မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးများသဖွယ်ဖြစ်သည့် ပြည်နယ်နှင့်တိုင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အစဉ်အဆက် တိုင်းရင်းသားညီအစ်ကို မောင်နှမသွေးချင်းသားရင်းများအချင်းချင်း တစ်စိတ်တည်း တစ်ဝမ်းတည်း အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်သည် မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း တိုင်းရင်းသားလူမျိုးများအားလုံးအပေါ်တွင် မိဘက သားသမီးအပေါ်ထားသည့် ဖြူစင်သည့်မေတ္တာ၊ မှန်ကန်သည့်စေတနာ၊ ရိုးသားသည့်သဘောထားရှိပြီး အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့သည် နိုင်ငံတော်နှင့် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကြောင့် စည်းလုံးညီညွတ်ရေးကို ရယူပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းတည်ငြိမ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး ဒေသအကျိုးကို သယ်ပိုးနေကြောင်း။

ပိုမိုတိုးပွားခိုင်မာ

အေးချမ်းတည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာ၍ ဒေသခံတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု၏ အကျိုးရလဒ်ကောင်းများ ခံစားနေပြီဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအကြား ညီညွတ်မျှတမှုအခြေခံကောင်းများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များလည်း ပိုမိုတိုးပွား ခိုင်မာလာကြောင်း။

တွေ့ရကြောင်း၊ တိုင်းရင်းသားများ အရေးနှင့် ပတ်သက်ပြီး–

- **နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် ကူညီဆောင်ရွက်မည်**

လို့ ထည့်သွင်းထားကြောင်း၊ ၎င်းသည် တိုင်းရင်းသားများ အကျိုးကို ဖော်ဆောင်ခြင်း ဖြစ်ကြောင်း။

တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ဦးက အမျိုးသားညီလာခံ၌ ပါဝင်တက်ရောက်ပြီး ကချင်ပြည်နယ်လူထုကိုယ်စားပြုဆွေးနွေးနေကြခြင်းဖြစ်ကြောင်း။

မှန်ကန်စစ်မှန်

တိုင်းရင်းသားကိုယ်စားလှယ်များမှာလည်း ကချင်ပြည်တွင် မြစ်ကြီးနားမြို့နယ် ခြောက်ဦး၊ ဝိုင်းမော်မြို့နယ် လေးဦး၊ တနိုင်းမြို့နယ် နှစ်ဦး၊ ချီဖွေမြို့နယ် နှစ်ဦး၊ ဆော့လော်မြို့နယ် တစ်ဦး၊ အင်ဂျန်းယန်မြို့နယ် နှစ်ဦး၊ မိုးကောင်းမြို့နယ် သုံးဦး၊ မိုးညှင်းမြို့နယ် လေးဦး၊ ဖားကန့်မြို့နယ် နှစ်ဦး၊ ဗန်းမော်မြို့နယ် သုံးဦး၊ မိုးမောက်မြို့နယ် နှစ်ဦး၊ မံစီမြို့နယ် နှစ်ဦး၊ ရွှေကူမြို့နယ် တစ်ဦး၊ ပူတာအိုမြို့နယ် ငါးဦး၊ မချမ်းဘောမြို့နယ် နှစ်ဦး၊ နောင်မွန်မြို့နယ် တစ်ဦး၊ ခေါင်လန်ဖူးမြို့နယ် နှစ်ဦး၊ ဆွမ်ပရာဘွမ်မြို့နယ် တစ်ဦး၊ နန်းယွန်းမြို့နယ် တစ်ဦး၊ ကချင်အထူးဒေသ (၁)မှ ငါးဦးနှင့် ကချင်အထူးဒေသ(၂)မှ ငါးဦးဖြစ်ပြီး မြို့နယ်တိုင်းက တစ်ဦးနှစ်ဦးစီပါဝင်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကို နိုင်ငံအဝန်းက လူထုကိုယ်စားပြုကိုယ်စားလှယ်များ၊ ပြည်နယ်က လူထုကိုယ်စားပြုကိုယ်စားလှယ်များပါဝင်ဆွေးနွေးနေခြင်းဖြစ်၍ မှန်ကန်စစ်မှန်သည့် အမျိုးသား ညီလာခံကြီးဖြစ်ကြောင်း။

ယနေ့ပြည်ထောင်စုကြီးအတွင်း ရရှိဖြစ်ထွန်းနေသည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုး

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံကြီး တည်ဆောက်ရန် နိုင်ငံရေး အကူးအပြောင်းအဖြစ် အမျိုးသားညီလာခံကြီး ကျင်းပနေကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များပြောင်းလဲ ကျင့်သုံးမည်ဖြစ်၍ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး နိုင်ငံတော် အကျိုး၊ ပြည်သူ့အကျိုးကို အကောင်းဆုံး ဖော်ဆောင်နိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲနေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အနာဂတ် နိုင်ငံတော်အတွက် အရေးကြီးလှကြောင်း။

အမျိုးသားညီလာခံက တိုင်းရင်းသား အကျိုးစီးပွားကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးဆွဲထားသည်ကို

ဝေစည်မှု အမွန်အမြတ်တရားများ ဆက်လက်တိုးပွားခိုင်ခံ့ပြီး ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အရင်းခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ညှိနှိုင်းတိုင်ပင်နေသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံအားပေးကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

နိုင်ငံတော်၏သမိုင်းစဉ်

ဆက်လက်၍ ကချင်အထူးဒေသ(၂)မှ ဗဟိုကော်မတီဝင် ဦးခွန်နောင်က အမျိုးသားညီလာခံ အားကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်၏သမိုင်းစဉ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်စဉ်များနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မြဲသည့်ကာလများတွင် နိုင်ငံတော်၏ အင်အားတောင့်တင်းခိုင်မာပြီး ခမ်းနားထင်ရှားဂုဏ်ရှိန် မြင့်မားခဲ့ရသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလများတွင် နိုင်ငံရေး၊စီးပွားရေးနှင့် လုံခြုံရေး အခြေအနေများနိမ့်ပါးခဲ့ရပြီး ကျူးကျော်မှုခံခဲ့ရကာ အချုပ်အခြာအာဏာကို ဆုံးရှုံးခဲ့ရသည်ကို သမိုင်းတွင် အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

အတိတ်သမိုင်းသင်ခန်းစာများကြောင့် နိုင်ငံတော်ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး၏ အခြေခံသည် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကသာ တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့်စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း။

မိမိတို့တိုင်းရင်းသားအဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်သဘောထား၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် ဖြူစင်သည့်စေတနာ၊ ပီပြင်သည့် လုပ်ရပ်ကြောင့် ကြည်လင်သည့်အမြင်၊ ရိုးဖြောင့်သည့် ဦးတည်ချက်များကြောင့် ငြိမ်းချမ်းရေးကို ရယူခဲ့ကြပြီး ပြည်သူ့အကျိုး၊ ဒေသဖွံ့ဖြိုးရေးကို အစိုးရ၊ ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ကြည်နူးကျေနပ်နေ

ယနေ့အချိန်တွင် မိမိတို့ ကချင်ပြည်နယ်အတွင်း သမိုင်းကြောင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ မရဖူးသေးသည့် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်းများရရှိခံစားပြီး ဒေသခံ တိုင်းရင်းသားပြည်သူများ လုပ်ငန်းခွင်များ၌ လုံခြုံစွာဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ကျေနပ်မှုအပြည့်အဝဖြင့် ကြည်နူးကျေနပ်နေကြခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် မိမိတို့ ကချင်အထူးဒေသ(၂)အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများမှာ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရေးအတွက် မြေသားလမ်း ၂၄၈ မိုင်၊ ကျောက်ခင်းလမ်း ၁၂၁ မိုင်၊ ကတ္တရာလမ်းနှစ်မိုင်၊ တံတားကြီးနှစ်စင်း၊ တံတားငယ် ၁၉၁ စင်း၊ ကြိုးတံတား ရှစ်စင်းတည်ဆောက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမြင့်မားရေးအတွက် ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ၁၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃ ခုနှင့် ပညာရေးမြင့်မားတိုးတက်ရန် မူလတန်းကျောင်း ၁၃၁ ကျောင်း၊ အလယ်တန်းကျောင်းခုနစ်ကျောင်း၊ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေးစခန်းလေးခု၊ ဆည်နှစ်ခု၊ မွေးမြူရေးခြံတစ်ခြံ၊ တိမွေးကုရုံးနှစ်ရုံး၊ လျှပ်စစ်မီးစက် ၁၆ ခုရှိပြီး မီးပေးနိုင်သော မြို့ ၁၂ မြို့၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ကိုးရုံ၊ စာတိုက်တစ်ခု၊ ကြေးနန်းရုံး သုံးရုံး၊ တယ်လီဖုန်းလုပ်ငန်းနှစ်ခု၊ ဘာသာရေးတွင် စေတီ နှစ်ဆူ၊ စာသင်တိုက်တစ်တိုက် တည်ဆောက်ပြီး သာသနိက အဆောက်အအုံ တစ်ခုကို မွမ်းမံပေးခဲ့ကြောင်း၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုများကြောင့် ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ် နိုင်ငံတော်အတွက် ကဏ္ဍအသီးသီးတွင် တည်ဆောက်အကောင်အထည်ဖော်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် လူထုကိုယ်စားလှယ် စုံစုံညီညီနှင့် အမျိုးသား ညီလာခံကြီးကို ကျင်းပနေကြောင်း။

မိမိတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ နိုင်ငံခြားမှဝင်ရောက်နေထိုင်ကြသည့် နိုင်ငံရပ်ခြားမှ နိုင်ငံခြားသားများ မဟုတ်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသားများ ဖြစ်ကြသည့်အတွက် ပြည်ထောင်စု၏ ကောင်းရာကောင်းကြောင်း ရှေ့ရေးကံကြမ္မာအကျိုးကျေးဇူးကို ဆောင်ရွက်နေသည့် အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ရမည့် ဝတ္တရားရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်ငါးဦး စေလွှတ်ပြီး ပါဝင်တက်ရောက်လျက်ရှိကြောင်း။

ပြီးစီးအောင်မြင်စေလို

မိမိတို့ ကချင်အထူးဒေသ(၂)သည် ယခုကျင်းပနေသည့် အမျိုးသားညီလာခံကို ပြီးစီးအောင်မြင်စေလိုသည့် ဆန္ဒအပြည့်အဝရှိကြောင်း၊ ပြည်ပနိုင်ငံများမှ ဖျက်ဆီးနှောင့်ယှက်မှုမျိုးစုံ ရှိသကဲ့သို့ ပြည်တွင်း၌လည်း မိမိတို့ တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းရေးနှင့် အရေးကြီးလှသည့် အမျိုးသားညီလာခံကိုလည်း တန်ဖိုးမထား ပျက်ပြားအောင် ကြံရွယ်မှုများကို လက်ခံမည်မဟုတ်ကြောင်း၊ အကောင်းကို အဆိုးနှင့် ဘယ်တော့မှ လဲမည်မဟုတ်ဟု အခိုင်အမာ ခံယူထားပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး အမျိုးသားညီလာခံကြီး အောင်မြင်ပြီးဆုံးသည်အထိ ပါဝင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ကဏ္ဍ(၇)ခုတွင် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ခဲ့ကြောင်း။

၂၀၀၄ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသား ညီလာခံတွင် အဓိကအားဖြင့် ကဏ္ဍကြီး(၁၁)ရပ်နှင့် အခြားကိစ္စ(၅)ရပ်တွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း။

ဆွေးနွေးတိုင်ပင်နေ

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့သော ညီလာခံ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့မှ အသေးစိတ်အခြေခံရမည့်မူများ အတည်ပြုနိုင်ခဲ့ကြောင်း၊ ယခု ကျင်းပနေသော အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ် အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်း အတည်ပြုနိုင်ခဲ့ပြီး အသေးစိတ် အခြေခံရမည့်မူများဖြစ်သည့်–

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ယခုရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ကိုက်ညီ အမှီအခိုကင်း လောင်းရိပ်ရှင်းပြီး ပြည်သူများကသာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည်

▲ စာမျက်နှာ ၉ မှ

- **လွှတ်တော်အချင်းချင်းလုပ်ငန်းဆက်သွယ်မှု**
- **ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းအချင်းချင်း လုပ်ငန်းဆက်သွယ်မှု**
- **ပြည်ထောင်စုအစိုးရ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**
- **တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**
- **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

တို့ကို ဆွေးနွေးတိုင်ပင်နေကြကြောင်း။

အမျိုးသားညီလာခံကြီး၌ ယခုအခါတိုးတက်အောင်မြင်မှုများရရှိနေကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လုပ်ငန်းပမာဏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာမှသာ ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီး မရှိမဖြစ်လိုအပ်သည့်အတွက် အမျိုးသားညီလာခံကြီးဆိုထောက်ခံကြောင်းအဆိုကို ထောက်ခံတင်ပြလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက်ပြည်နယ်ဥပဒေရုံးမှ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်မေရီမေနန်က အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း၊ ၁၉ ရာစုတွင် နယ်ချဲ့ကျူးကျော်စစ်သုံးကြိမ်နှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း၊ ကိုလိုနီဘဝတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစစနိမ့်ပါးခဲ့ရပြီး နိုင်ငံသားအခွင့်အရေးများဆုံးရှုံးခဲ့ရကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်စွာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ကြောင်း။

လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက်ပိုင်း နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုကို တင်ပြလိုကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ကိုလိုနီလက်အောက်၌ရေးဆွဲခဲ့ပြီး လွတ်လပ်ရေးကို အမြန်ဆုံးရယူလိုသည့်အတွက် ၁၁၁ဦးသောပုဂ္ဂိုလ်များ သုံးလနှင့် ၁၈ရက်အတွင်း အပြီးရေးဆွဲခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ ပြည်နယ်များခွဲထွက်ပိုင်ခွင့်ကို ပြဋ္ဌာန်းပေးခဲ့၍ ပြည်ထောင်စုကြီးပြိုကွဲမည့်အလားအလာများ ပေါ်ပေါက်လာခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အတူ ပါလီမန်ဒီမိုကရေစီခေတ်သည် ၁၄နှစ် သက်တမ်းအကြာတွင် အဆုံးသတ်ခဲ့ကြောင်း။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အားနည်းချက်များကြောင့် နိုင်ငံစီးပွားရေး ကျဆင်းပြီး ၁၄နှစ်အကြာတွင် ပျောက်ကွယ်ချုပ်ငြိမ်းခဲ့ကြောင်း။

ယခုရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် ကိုက်ညီပြီး အမှီအခိုကင်း လောင်းရိပ်ရှင်းပြီး ပြည်သူများကသာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည်ဖြစ်ကြောင်း။

ကချင်ပြည်နယ် ဥပဒေရုံးမှ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်မေရီမေနန် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ညှိနှိုင်းဆွေးနွေးချမှတ်နေ

အနာဂတ်နိုင်ငံတော်တွင် ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုနိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို အတတ်နိုင်ဆုံး၊ အပြည့်စုံဆုံး၊ ဒီမိုကရေစီအကျဆုံးဖြစ်အောင် ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဒေသစုံ၊ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားစုံ၊ အလွှာစုံကိုယ်စားလှယ်များ တက်ရောက်ပြီး လိုအပ်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ညှိနှိုင်းဆွေးနွေးချမှတ်နေကြောင်း။

အမျိုးသားညီလာခံကြီးသည် လွတ်လပ်မှုရှိပြီး ကိုယ်စားလှယ်များဆန္ဒရှိသမျှ အကြံပြုချက်စာတမ်းများ ရေးသားခွင့်ရှိကြောင်း၊ လွတ်လပ်စွာ အကြံပြု ဆွေးနွေးခွင့်ရှိကြောင်း၊ ငြိမ်းချမ်းရေးရယူထားသည့် ၁၇ဖွဲ့ပင်လျှင် နိုင်ငံတော်အနာဂတ်ရေးအတွက်လွတ်လွတ်လပ်လပ်ပွင့်လင်းစွာ အကြံပြုဆွေးနွေးလျက်ရှိကြောင်း၊ တိုင်းရင်းသားကိုယ်စားလှယ်အလွှာပေါင်းစုံမှပါဝင်သည့် ညီလာခံကြီးသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လျော်ကန်သင့်မြတ်ခိုင်မာသည့် အခြေခံဥပဒေပေါ်ထွန်းရေးကို စွမ်းဆောင်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အချက်တို့သည် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပြည့်စုံစွာ စဉ်းစားညှိနှိုင်းရေးဆွဲထားခြင်းဖြစ်၍ အနာဂတ်နိုင်ငံတော်ကြီးအတွက် ဝမ်းသာအားရမိကြောင်း။

အမျိုးသားညီလာခံကြီးသည် ပြည်သူ့ကိုယ်စားလှယ်များ နှီးကြားတက်ကြွစွာ ဆောင်ရွက်နေကြ၍ တိုးတက်အောင်မြင်မှုများ ရရှိနေကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှသာ ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီး မရှိမဖြစ်လိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

နိုင်ငံခြားငွေများစွာရရှိ

ဆက်လက်၍ မန်စီမြို့နယ်မှ ရပ်မိရပ်ဖ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးထွန်းထွန်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် ကချင်ပြည်နယ်၏ စိုက်ပျိုးမြေဧရိယာသည် ယခင်က လေးသိန်းလေးသောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ ၈ ခြောက်သိန်းအထိ တိုးမြင့်လာခဲ့ကြောင်း၊ ထို့ကြောင့် ဝမ်းစာစပါးသာမက စာသုံးဆီပါဖူလုံ ပိုလျှံသည့် ပြည်နယ် ဖြစ်နေပြီဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်

မန်စီမြို့နယ်မှ ရပ်မိရပ်ဖ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးထွန်းထွန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အသားငါးထုတ်လုပ်မှုသည် ယခင်ကထက် သုံးဆတိုးတက်ထုတ်လုပ်လာနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်၌ အင်မတန်အမျိုးအစားကောင်းသည့် ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိသည့် ကျောက်စိမ်းရတနာမြေရှိပြီး ကြေးနီ၊ ရွှေ၊ ကျောက်မီးသွေး၊ ပတ္တမြားများလည်း ထွက်ရှိကြောင်း၊ ကျောက်စိမ်းထွက်ရှိမှုမှာလည်း ယခင်ကထက် ကီလိုထောင်ပေါင်းများစွာ တူးဖော်ထွက်ရှိ၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် နိုင်ငံခြားငွေ များစွာရရှိစေကြောင်း။

ဂလိုင်ချောင်၊ ကျိန်ခရန်ခ၊ နန်းခမ်းခ အလတ်စားရေအားလျှပ်စစ်စက်ရုံသုံးရုံကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မလိချောင်း၊ ဒဘတ်ချောင်း အကြီးစားရေအားလျှပ်စစ်စီမံကိန်းကြီး နှစ်ခုကိုလည်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း၊ အခြေခံကျောင်းပေါင်း ၁၃၇ကျောင်း တိုးပွားလာခဲ့ပြီး ဆရာ၊ဆရာမအင်အား နှစ်ဆတိုးပွားလာခဲ့ကြောင်း၊ ကချင်ပြည်နယ်အတွင်း၌ ကျောင်းသားပေါင်း နှစ်သိန်းရှစ်သောင်းကျော် ပညာဆည်းပူးလျက်ရှိကြောင်း၊ ယခင်က ဒီဂရီကောလိပ်တစ်ခုတည်းရှိခဲ့ရာမှ ယခုတက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ စက်မှုလက်မှုသိပ္ပံနှင့် နည်းပညာကောလိပ်နှစ်ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသအတွင်း၌ အနာဂတ်အတွက် ပညာတတ်များစွာကို မွေးထုတ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခင်က ရွှေဘို-မြစ်ကြီးနား ကားလမ်းသည် ဒေသအတွင်း မငြိမ်သက်မှုကြောင့် ပြုပြင်နိုင်မှုမရှိခဲ့၍ အမည်ခံသာရှိပြီး သွားလာရန်ခက်ခဲသောလမ်းကြောင်း ဖြစ်ခဲ့ကြောင်း၊ ယခုဆိုလျှင် အရှည် မိုင် ၃၅၀ ရှိသည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းအပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် အရှည် ၄၁၇ မိုင် ရှည်သည့် မန္တလေး-ရွှေကူ-ဗန်းမော်-မြစ်ကြီးနားလမ်းကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပြီး လုံခြုံအေးချမ်းစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည့် အရှည် ၂၆၈၈ ပေရှိသည့် ဗလမင်းထင်တံတားအပါအဝင် ပြည်နယ်အတွင်း ပေ ၁၈၀ အထက်တံတား ၁၅ စင်း၊ ပေ ၁၈၀ အောက်တံတား ၂၂၆ စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ဆေးရုံ ၃၅ ရုံသာရှိခဲ့ရာက ၄၄ ရုံရှိလာပြီဖြစ်ကြောင်း၊ တိုင်းရင်းဆေးတစ်ရုံနှင့် ဆေးပေးခန်းငါးခုကိုလည်း တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊

လွယ်လင့်တကူသွားလာနိုင်

ယခင်က ဖွံ့ဖြိုးမှုနောက်ကျခဲ့၍ တိုင်းရင်းသားလူမျိုးများသည် ရေခြားမြေခြားပြီး စိတ်များခြားနေခဲ့ကြကြောင်း၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲများဖြင့် သူစိမ်းများကဲ့သို့ ဖြစ်နေကြကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ခံစားလာရပြီး ကူးလူးယှက်သွယ်လွယ်လင့်တကူ သွားလာနိုင်ရန် အနေနီးကာ စိတ်များမခြားတော့ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာလာနေပြီဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးအတွက် အမျိုးသားညီလာခံကညှိနှိုင်းဆွေးနွေးပြီး အတည်ပြုချမှတ်ခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူ ၁၀၄ ချက်၌ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံမူများချမှတ်ထားကြောင်း၊

- နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။
- တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်။
- နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။
- နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဆိုသည့် အချက်များသည် နိုင်ငံတော်က အဓိကစွမ်းအားစုကြီးများဖြစ်သည့် တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုစောင့်ရှောက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးနှင့် စပ်လျဉ်းပြီး အခြေခံမူ(၇)ချက် ချမှတ်ထားကြောင်း။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ⇨

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများအားတွေ့ရစဉ်။ (သတင်းစဉ်)

INTERNET 10 1/1/32, 3:37 AM

ပခုက္ကူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပခုက္ကူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖွင့်ပွဲ အခမ်းအနားများကို ဇန်နဝါရီ ၂ ရက်တွင် ပခုက္ကူမြို့ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်မှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁၁) ရပ်ကွက်ရှိ တိုးချဲ့မြို့ရေပေးရေး ရေစက်ရုံဖွင့်ပွဲကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က ရေစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက တိုးချဲ့မြို့ရေပေးရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ရေစက်ရုံ၊ ရေကန်နှင့် ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တိုးချဲ့ရေပေးရေးလုပ်ငန်းတွင် ခြောက်လက်မ စက်ရေတွင်း သုံးတွင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေကန်နှစ်ကန်၊ ဂါလန် ၆၀၀၀ ဆံ့ သံရေစင်တစ်စင်၊ အများသုံးရေကန် ရှစ်ကန်၊ ရေပိုက်လိုင်းများ ဆက်သွယ်ခြင်း၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံး တပ်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ထောက်ပံ့ငွေ ကျပ် ၇၅၉ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တစ်နေ့လျှင် ရေဂါလန် ၁၄သိန်းခန့်ကို ဖြန့်ဖြူးပေးနိုင်၍ မြို့နေပြည်သူများအတွက် လုံလောက်စွာ ရေပေးဝေနေပြီဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၈)ရပ်ကွက် ရန်အောင်မြင် လမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ကြရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးကျော်တင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းလမ်းမှာ အရှည် ၁၄၆၃ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေ ၅၆ သိန်းဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဆက်လက်၍ အမှတ်(၁)ရပ်ကွက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးက အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး သင်တန်းသူများ စက်ချုပ်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းကျောင်း၌ အမျိုးသမီးငယ်လေးများအား ကိုယ်ပိုင်စီးပွားရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန် အခြေခံစက်ချုပ်ပညာ၊ ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုးပညာ၊ ရက်ကန်းပညာ၊ အစားအစာနှင့် ဟင်းလျာချက်ပြုတ်နည်းပညာရပ်များကို တတ်မြောက်သည်အထိ အခမဲ့သင်ကြားပေးလျက်ရှိသည်။ သင်တန်း၌ သင်တန်းသူ ၃၀ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာကမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သင်ကြားခဲ့သော အိမ်တွင်းမှုပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်အထိ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို အမှတ်(၁) ရပ်ကွက် ပြည်သာယာခန်းမရှေ့လမ်းဆုံ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးက အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပခုက္ကူမြို့နယ်၌ နိုင်ငံတော်၏ ထောက်ပံ့ငွေနှင့် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ် ၂၈၉ သိန်းတို့ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ပခုက္ကူမြို့နယ်အတွင်းရှိ စုစုပေါင်း ကျေးရွာ၂၅၈ရွာ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စုပေါင်းဖွင့်ပွဲ အခမ်းအနားကို ပြည်သာယာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ် ပြည်သူများကိုယ်စား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲထွန်းလှက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့ စိမ်းစိုစိုက်ခင်း၌ ပြုလုပ်သော ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်ပြီး ပခုက္ကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးရသည့်အကြောင်းနှင့် အစီအမံများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကြက်ဆူပင်ကိုင်းများနှင့် ကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

- **နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။**
- **နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။**
- **နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။**
- **နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်းမြင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ရရှိစေရန် ကူညီမည်။**
- **နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။**
- **နိုင်ငံတော်သည် တရားဝင် ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု။**

ဆိုသည့် အချက်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ပြီး **"နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်ဝယ်တွင်ရှိရေး"** အတွက် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ အခြေခံမူများသည် နိုင်ငံသားတို့၏ အကျိုးစီးပွားကို လက်တွေ့ဖော်ဆောင်မည့်အချက်များဖြစ်ကြောင်း။

နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အလွှာစုံ၊ ကဏ္ဍစုံ တိုင်းရင်းသားကိုယ်စားလှယ် စုံစုံညီညီဖြင့် ဆွေးနွေးညှိနှိုင်းနေသည့် အမျိုးသားညီလာခံအောင်မြင်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံ အားပေးနေကြကြောင်း၊ အဆိုရှင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံ၏ အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးရှေးရှုထားခြင်းဖြစ်၍ လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုနှင့်စပ်လျဉ်း၍ လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် လူထုပရိသတ်ကြီး၏ ဆန္ဒသဘောထားကို ရယူရာ တစ်ခဲနက် လေးလေးနက်နက် ညီညီညွတ်ညွတ် ထောက်ခံဆန္ဒပြုကြ၍ လူထုအစည်းအဝေးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို **ပြည်ထောင်စုမပြိုကွဲရေး–ဒို့အရေး–ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး–ဒို့အရေး–ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး–ဒို့အရေး၊ ဒို့အရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး– ဒို့အရေး–ဒို့အရေး၊ အမျိုးသားညီလာခံအောင်မြင်ရေး–ဒို့အရေး–ဒို့အရေး**ဟူသည့် ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

*** တိုင်းမှူးမှ**

သုံးသိန်း ပျိုးထောင်ထားရှိမှု၊ မျိုးကိုင်း ၇၀၀၀ ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်နေမှုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းက ခင်းကျင်းပြသထားသည့် ကြက်ဆူပင်မျိုးစေ့များ၊ ပျိုးပင်ပေါက်များ၊ ခြံစည်းရိုးကြက်ဆူပင် ဓာတ်ပုံများနှင့် အသုံးဝင်ပုံပြကွက်တို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

မြေချစိုက်ပျိုးပေး

ဆက်လက်၍ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများသည် မင်းဓမ္မပြပွဲပြိုင်ပွဲတွင် အကျယ်လေးဧကရှိ မြေကွက်လပ်ကို မြေယာပြုပြင်ပြီး အကွာအဝေး ခြောက်ပေစီဖြင့် ခြံစည်းရိုးကြက်ဆူမျိုးပင် ၄၈၀၀ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များက ပျိုးရက်ကိုးလနှင့် တစ်လသားအရွယ်ရှိ ခြံစည်းရိုးကြက်ဆူပင်များကို မြေချစိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

● အမျိုးသားညီလာခံမှ

ဇေကမ္ဘာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မင်္ဂလာဒုံ ဥယျာဉ်မြို့တော်တွင် တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိ ပုံတော်ပွား ရုပ်ပွားတော်၊ ရွှေတိဂုံပုံတော်ပွားစေတီတော်၊ ကျိုက်ထီးဆောင်း ပုံတော်ပွားစေတီတော်၊ ကျိုက်ထီးရိုးပုံတော်ပွားစေတီတော်၊ ပုဂံရွှေစည်းခုံပုံတော်ပွားစေတီတော်နှင့် ဓမ္မရာဇကပုံတော်ပွားစေတီတော်တို့အား ပန်းဆက်ကပ်လှူဒါန်းကြကာ ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဇေကမ္ဘာကုမ္ပဏီလီမိတက် Multi Purpose Hall ၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဇေကမ္ဘာကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် အခြားလုပ်ငန်းများ၊ ရန်ကုန်စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများနှင့် ပြည်လမ်းရှိ ပြည်ဥယျာဉ်ကွန်ဒိုမီနီယံ တည်ဆောက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်စက်မှုဇုန်ရှိ အဝေမ်းအထည်ချုပ်စက်ရုံ A-1 Garment Factory သို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ ဦးတေဇနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စက်ရုံအတွင်း လုပ်သားအင်အား ၁၃၀၀ ကျော်ဖြင့် ပြည်ပသို့ တင်ပို့ရသော အထည်ချုပ်လုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်စက်မှုဇုန်ရှိ မြန်မာအမျိုးသားပိုင် Myanmar Royal Tea Factory သို့ရောက်ရှိရာ စက်ရုံပိုင်ရှင် ဦးမြသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား စက်ရုံပိုင်ရှင် ဦးမြသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့လက်ဖက်ရည် အရသာစစ်စစ် Royal Myanmar Tea Mix ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းများ ကြီးပမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စက်ရုံအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် လက်ဖက်ခြောက်မှ ပျော်လွယ်လက်ဖက်ခြောက်မှုန့် ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြိုဆို

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပြည်ဥယျာဉ် ကွန်ဒိုမီနီယံသို့ ရောက်ရှိကြရာ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်ဥယျာဉ် ကွန်ဒိုမီနီယံကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

ခရစ်ယာန် ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကျမ်းစာသင်ကျောင်းကုန်းရှိ ကရင်နှစ်ခြင်း ခရစ်ယာန် ဓမ္မတက္ကသိုလ်သို့လည်းကောင်း၊ ညနေပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံ လမ်းထောင့်ရှိ ဓမ္မာနွေလ ခရစ်ယာန်ဘုရားကျောင်းသို့လည်းကောင်း သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၈

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဗုဒ္ဓဓမ္မဗိမ္မာန်ဓမ္မာရုံတွင် နှစ်ဦးတရားပွဲအဖြစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ညနေ ၅ နာရီခွဲမှစ၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များအတွက် အင္ဂမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါန အလှူငွေများ ပေးအပ်ပွဲ အခမ်းအနား တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်နိုင်ရေးအတွက် ပြည်နယ်၊ တိုင်း ဒေသအနှံ့မှ စေတနာရှင်ပြည်သူများက ဝိုင်းဝန်းကူညီလျက်ရှိ ယနေ့အထိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၄၈၀၆၄ ဖွင့်လှစ်နိုင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက အင္ဂမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါန အလှူငွေများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော စာအုပ်စာစောင်များနှင့် စာပေဒါန အလှူငွေများကို လက်ခံသည်။

တက်ရောက်

အဆိုပါ အင္ဂမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါနအလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက စာပေတိုက်များ၊ စာပေဖြန့်ချိရေး လုပ်ငန်းများ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များနှင့် တစ်ဦးချင်း အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတ တိုးတက်မြင့်မားစေရေးအတွက် စာအုပ်စာစောင်များ၊ ငွေပဒေသာပင်များကို ကိုယ်တိုင်တက်ရောက်လှူဒါန်းကြသည့် စေတနာရှင်များ၊ကိုယ်တိုင်တက်ရောက် နိုင်ခြင်းမရှိသော်လည်း တစ်ဆင့်ပေးပို့ လှူဒါန်းကြသည့် စေတနာရှင်များအား ကျေးလက်ပြည်သူများနှင့် ပြန်ကြားရေး ဝန်ကြီးဌာန၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ ၅၄သန်းကျော်အနက် လူများစုဖြစ်သည့် ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြသူများဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများသည် ရိုးသားကြခြင်း၊ တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်းစသည့် အလေ့အထရှိကြပြီး စာပေဖတ်ရှုလေ့လာသည့် အလေ့အထနည်းသည်ကို တွေ့ရှိရကြောင်း။

အလှမ်းဝေးနေ

တစ်ဖက်က ကြည့်လျှင်လည်း ကျေးလက်ပြည်သူများနှင့် စာအုပ်စာတမ်းများ ထိတွေ့မှု အလှမ်းဝေးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာအောင်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စဉ်းစားတွေးခေါ်မှု စသည့် ကဏ္ဍအသီးသီးမြင့်မားတိုးတက်လာအောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ လူများစုဖြစ်သည့် ကျေးလက်ပြည်သူများ အပါအဝင် ပြည်သူတစ်ရပ်လုံး ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီး ဘက်စုံထောင့်စုံက အပြည့်အဝ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်တည်ထောင်နေရခြင်းဖြစ်ကြောင်း။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အားသုံးအားဖြင့် အကောင်အထည်ဖော်စီမံ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းအားသုံးအားမှာ နိုင်ငံတော်၏ အား၊ ဒေသခံအာဏာပိုင်များနှင့် ဒေသခံပြည်သူများ၏ အား၊ စေတနာရှင်ပြည်သူများ၏ အားများပင်ဖြစ်ကြောင်း။

ဖြန့်ဝေပေးခဲ့

နိုင်ငံတော်၏အားအပိုင်းကို ကြည့်ပါက ယနေ့အထိ နိုင်ငံတော်အနေဖြင့် ငွေကျပ် သိန်း ၈၀၀ ဖိုးခန့် စာအုပ်၊ စာစောင်များဝယ်ယူ၍ ကျေးရွာ စာကြည့်တိုက်များသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း။

ဒေသခံအာဏာပိုင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအပိုင်းကိုကြည့်ပါကလည်း များစွာအားရဖွယ်ဖြစ်သည်ကို တွေ့ရကြောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်နိုင်ရေးအတွက် အလွှာပေါင်းစုံက အားရဝမ်းသာ ပံ့ပိုးကူညီလျက်ရှိကြောင်း၊ ပြည်နယ်၊ တိုင်းဒေသအနှံ့မှ စေတနာရှင်ပြည်သူများက စာကြည့်တိုက်များအတွက် အင်တိုက်အားတိုက်ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စေတနာရှင်များ ကြည်နူးဝမ်းမြောက်နိုင်ရေးအတွက် တင်ပြရပါက သတ္တမအကြိမ် စာပေဒါန လှူဒါန်းပွဲအထိ စေတနာရှင် ၄၉၀က စာအုပ်စာစောင်ပေါင်း ၁၆၅၇၄၄၉ အုပ် လှူဒါန်းခဲ့ပြီး ယင်းစာအုပ်စာစောင်များ၏ တန်ဖိုးမှာ ငွေကျပ် ၈၆၆၉၄၈၁၁ ကျပ် ဖြစ်ပါကြောင်း၊ ငွေပဒေသာပင် အနေဖြင့် ငွေကျပ် ၄၈၃၇၄၀၀၀ လှူဒါန်းထားပါကြောင်း၊ ထို့ကြောင့် သတ္တမအကြိမ်အထိ စေတနာရှင်များ လှူဒါန်းသည့် ငွေသားနှင့် စာအုပ်စာစောင်များ၏ တန်ဖိုးကို စုပေါင်းလိုက်ပါက စုစုပေါင်း ငွေကျပ် သိန်း ၁၃၅၀ ကျော်သွားပြီဖြစ်ကြောင်း။

များစွာအထောက်အကူပြု

ယနေ့အခမ်းအနားတွင် စေတနာရှင်များက စာအုပ်စာစောင်များ၊ ငွေပဒေသာပင်များ စုစုပေါင်း ငွေကျပ် ၅၁၆ သိန်းကျော် လှူဒါန်းသွားမှာဖြစ်ကြောင်း၊ စေတနာရှင်များ၏ ယခုကဲ့သို့သော လှူဒါန်းမှုများသည် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် များစွာ အထောက်အကူပြုပါကြောင်း။

ဇန်နဝါရီ ၄ရက်နေ့ကလည်း ဧရာဝတီတိုင်း ရေကြည်-အသုတ် ဒေသ၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်နှင့် ဗိုလ်ချုပ်မြဝင်းတို့ အမှူးပြုသော စေတနာရှင်များက လောကမွန် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်၏ အား၊ ဒေသခံများ၏ အား၊ စေတနာရှင် ပြည်သူများ၏ အားသုံးအားဖြင့် ယနေ့အထိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၄၈၀၆၄ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဖွင့်လှစ်ရန် ကျေးရွာစာကြည့်တိုက်ပေါင်း တစ်သောင်းကျော်သာ ကျန်ရှိကြောင်း၊ အားသုံးအားဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားပါက ကျန်ရှိနေသေးသော ကျေးရွာများ အားလုံးတွင် စာကြည့်တိုက်များကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဝိုင်းဝန်းပူးပေါင်း

ဤကဲ့သို့ စည်းလုံးညီညွတ်သည့် အားများဖြင့် ဆောင်ရွက်သွားပါက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ထူထောင်ခြင်းလုပ်ငန်းများ သာမက နိုင်ငံတော်၏ အခြားသော အမျိုးသားရေး တာဝန်များကိုပါ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စာကြည့်တိုက်ထူထောင်ခြင်း လုပ်ငန်းများ နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကို ဆက်လက်ဝိုင်းဝန်း ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် စာအုပ်၊ စာစောင်များ၊ ငွေပဒေသာပင်များကို စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးအတွက် စနစ်တကျ အသုံးပြု ဆောင်ရွက်လျက်ရှိကြောင်း။

ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၌ စာအုပ်စာစောင် ဖတ်ရှုလေ့လာသူများဖြင့် သက်ဝင်လှုပ်ရှားနေအောင်၊ စာအုပ်စာစောင်များ မပျက်စီး မပျောက်ဆုံးအောင် စီမံဆောင်ရွက်စေလျက်ရှိကြောင်း၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများက ကြီးကြပ်၍ စာကြည့်တိုက်ပညာများ ပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ ပိုမိုပြည့်စုံအောင် ညှိနှိုင်းစည်းရုံးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း။

စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများဖြင့် ဖွင့်လှစ်ပြီးဖြစ်သော စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန် တိုးတက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အင္ဂမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါနအလှူငွေများကို အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပထမဆုံးနိုင်ငံ

ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှိလာအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ အောင်မြင်ပြီးမြောက်ပါက မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဆုံးနိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း။

မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးစီးရေး ရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင်များကလည်း ယခုကဲ့သို့ဝိုင်းဝန်းကူညီပံ့ပိုးကြပါရန် တိုက်တွန်းမှာကြားသည်။

အလှူငွေများပေးအပ်

ထို့နောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ လှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်စုံ ၁၂၀၅အုပ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာ မဂ္ဂဇင်း သတင်းလွှာ ၁၅၇၉ ကို လည်းကောင်း လှူဒါန်းပြီး ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်၊ ဗိုလ်ချုပ်မြဝင်းနှင့် စေတနာရှင် မိသားစုများက ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ ရေကြည်မြို့နယ် အသုတ်မြို့ လောကမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံနှင့် စာအုပ်စာစောင် ၄၅၁၆၊ ဇေကမ္ဘာကုမ္ပဏီမှ ဒေါက်တာခင်ရွှေက ငွေကျပ် ၁၀သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀သိန်း၊ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဦးဝင်းအောင်က ငွေကျပ်ငါးသိန်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုက စရဏမဂ္ဂဇင်း

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❒

❒ စာမျက်နှာ ၁၂ မှ

၄၀၀၀ နှင့် ငွေကျပ်သုံးသိန်း၊ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးထွန်းထွန်း နှင့် ဇနီး ဒေါ်ဝေဝေ (မြစ်ကြီးနားမြို့)က ငွေကျပ်သုံးသိန်း၊ ဒေါ်မျိုးမျိုးခိုင် (ကီကီ မြန်မာမီဒီယာ)က ငွေကျပ် သုံးသိန်း၊ ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ ဒေါက်တာ သာထွန်းဦး (တူဒေး) စာအုပ်တိုက်က မဂ္ဂဇင်းမျိုးစုံ ၃၉၁၆အုပ်နှင့် ငွေကျပ်တစ်သိန်း၊ ယုဇန ကုမ္ပဏီလီမိတက်၊ ဦးမောင်မောင်ဦး (Lynx Entertainment) နှင့် ဒေါက်တာကျော်ဆန်း(Multi Media) တို့က ငွေကျပ် တစ်သိန်းစီ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး) က ဓမ္မစာအုပ် ၅၀၀၀၊ မဇာခြည်စိုးစိုး သိမ့် (စိုးစာပေ)က ရုပ်ရှင်အမြုတေ မဂ္ဂဇင်း ၂၀၀၀၊ သုတစွယ်စုံ စာအုပ် တိုက်မှ ဒေါက်တာတင်ထွန်းဦး- ဒေါက်တာခင်မိုးမိုးတို့က ဂျာနယ်စုံ ၇၄၉၈ အုပ်၊ ဦးကိုကိုမြင့် (သိန်းမင်း စာပေ)က သုတရသ စာအုပ်စုံ ၈၁၅ အုပ်၊ ဦးမောင်ရွှေ (မန်နေဂျင်းဒါရိုက်တာ ဗန္ဓုလလီမိတက်)က သုတရသ စာအုပ်စုံ ၁၂၀၂အုပ်၊ ဗိုလ်မှူးကြီး သောင်းဝေ(ငြိမ်း) - ဒေါ်မြရတနာ (မြရတနာစာပေ)က ဝတ္ထုရှည် ပေါင်းချုပ်နှင့် စစ်သွေးမဂ္ဂဇင်း ၄၉၄ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ ဒါရိုက်တာ စင်ရော်မောင်မောင်၊ ဦးနေအောင်(Eleven ဂျာနယ်)၊ဒေါ်အေးနှင်းဆွေတို့က မဂ္ဂဇင်းစုံ ၁၀၀နှင့် ငွေကျပ် ၅၀၀၀၀၊ ဦးအောင်ဆန်း (ငွေနှင်းပွင့်ဖြူမီဒီယာ) တို့က ငွေကျပ် ၅၀၀၀၀စီ၊ စမ်းချောင်းမြို့နယ်မှ ဒေါ်စနိုးက ငွေကျပ်၅၀၀၀၀နှင့် ဂျာနယ် မဂ္ဂဇင်း၁၀၇၀၊ ဦးခင်မောင်တင် (မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ)က ၂၀ရာစု ဇာတ်သဘင်တေးစာအုပ် ၃၀၊ ဦးမြင့်ဦး-ဒေါ်သိန်းအေး ဆုစာပေတိုက်က အင်တာမဂ္ဂဇင်း၊English for All မဂ္ဂဇင်း ၃၁၇၀၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)က စာအုပ်စာစောင် ၇၂၉၊ ပါမောက္ခဒေါ်မြမြဝင်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မြန်မာစာဌာန)က ဂျာနယ်စုံ ၉၇၊ ကောင်းဟိန်းလီမိတက်မှ ဒေါ်ခင်စန်းဝင်းက ငွေကျပ်တစ်သိန်း၊ ဦးကျော်မင်း (ရွှေပြည်နန်းကုမ္ပဏီ)က ငွေကျပ် တစ်သိန်း၊ ဦးအောင်လှ ပန်အောင်စာပေက ရသစုံမဂ္ဂဇင်း ၇၆၈ အုပ်၊ ဒေါက်တာခင်မောင်ထွေး (Digest Media Bank)က Health Digest ဂျာနယ်၊ ပွိုင့်ဂျာနယ် ၃၆၀၀၊ ဦးမျိုးအောင် (အင်းဝစာအုပ်တိုက်)က ကြီးပွားရေးမဂ္ဂဇင်း ၂၅၀၊ ဦးမောင်မျိုး ကြောင်နှစ်ကောင်စာပေက မဂ္ဂဇင်း စာစောင်များ ၄၄၂၃၊ ဦးနှင်းဆွေ ပန်းလက်ဆောင်စာပေက သုတရသ စာအုပ်၃၅၀၊ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း) က ဂျာနယ်စုံ ၁၄၀၀၊ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင် မိုးကျော်စာပေက ငွေကျပ် ၅၀၀၀၀၊ ဦးသန်းမြင့် Laser Media က ငွေကျပ် ၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဦးမြင့်ထွန်း-ဒေါ်ခင်မာရွှေ (Quality Publishing House) က သုတရသ စာအုပ် ၄၀၀၊ ဦးစိန်မြင့်အောင်(ရွှေကုံ့ကော်စာပေ)က ကျောင်းသုံးစာအုပ် ၁၉၄ အုပ်၊ ဒေါ်ကေခိုင်ဦး (ရတနာမွန်စာပေ)က မဂ္ဂဇင်းစုံ၊ ဝတ္ထုစုံ ၂၅၀၊ ဦးခစည်သူ (ခင်စိုးဝင်းစာပေ)က သုတရသ စာအုပ် ၇၅အုပ်၊ ဦးဝင်းမျိုးသူရက မဂ္ဂဇင်းစာအုပ်စုံ ၆၄အုပ်၊ ဦးတင်ဝင်းထွဋ် (Living Color Media) က မဂ္ဂဇင်းစာအုပ် ဂျာနယ်စုံ ၁၆၀၀၊ ဦးနိုင်ကြီးက စာအုပ်စုံ ၄၈အုပ်၊ ဦးဝေသာက စာအုပ်စုံ ၂၅၄အုပ်တို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒေါ်နန်းကလျာဝင်း (ပေါ်ပြူလာ+ရတီ)က ဂျာနယ် မဂ္ဂဇင်း ၁၁၅အုပ်၊ ဗိုလ်ကြီးလှရွှေ(ငြိမ်း) (တာမွေမြို့နယ်)က သုတစာအုပ် ၁၉၀၊ ဦးကျော်ကျော်ဆွေက လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်း ၁၂၀၊ ဒေါ်ခင်လှတင့်(ဓမ္မဗျူဟာစာစောင်)က ဓမ္မဗျူဟာစာစောင် ၅၀၀၊ ဦးအောင်မြတ် (ပညာရွှေတောင် စာအုပ်တိုက်)က မဂ္ဂဇင်းစုံစာအုပ်စုံ ၁၃၅၂အုပ်၊ ဦးသိန်းမြင့် (ဇော့မင်းသိန်းဆောက်လုပ်ရေး)က ကမ္ဘာ့ရွှာစာအုပ် ၂၅၀၊ ဗိုလ်မှူးရွှေဘော်(ငြိမ်း)(ရွှေဘော်ဖြိုး-ဆင်တဲဝ)-ဒေါ်လေးခိုင်ခိုင်က ဂျာနယ်စုံ ၁၄၀၀၊ ဦးညွန့်ရီ- ဒေါ်တင်တင်လှ မိသားစု အမှတ် ၉၉ ဘုန်းကြီးလမ်းက သုတရသ စာအုပ်မျိုးစုံ ၇၂၇အုပ်၊ ဦးသောင်းစုငြိမ်း (Myanmar People 7 days News Internet Journal) က မဂ္ဂဇင်းစုံ ဂျာနယ်စုံ ၃၁၇အုပ်၊ ဒေါက်တာ သိန်းမြင့်(Eleven Media Group)က ဂျာနယ်စုံ ၁၀၀၀၊ ဦးကိုကို (ပန်းသတင်းဂျာနယ်)က ဂျာနယ်စုံ ၅၀၀၊ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း) မှူးသမိန်က မဂ္ဂဇင်း ၂၁၀၊ ပုဂံစာပေတိုက်မှ ဒေါ်ခိုင်ခိုင်ဦးက သုတရသ စာအုပ်စုံ ၆၆အုပ်၊ ဦးသိမ်းစိုး (သီဟရတနာစာပေ)က စာအုပ်စုံ ၃၃ အုပ်၊ ဦးမာလတ်(သောင်းပြောင်းထွေလာ ရယ်စရာ)က မဂ္ဂဇင်း ၅၄အုပ်၊ ဦးနီလေးမောင်က ဖြစ်ရပ်မှန်မဂ္ဂဇင်း ၁၅၀၊ ဦးသီဟစော(မြန်မာ့ခေ စီးပွားရေး မဂ္ဂဇင်း)က မဂ္ဂဇင်း ၃၆အုပ်၊ ဦးသိန်းမင်း (ပန်းရွှေပြည်စာပေ) က စာအုပ်စုံ ၁၂၄အုပ်၊ ဒေါ်နန်းအိအိဇာ (နန်းဒေဝီစာအုပ်တိုက်)က မဂ္ဂဇင်းစုံ ၁၉အုပ်၊ ဒေါ်သပြေ (ချယ်ရီမဂ္ဂဇင်း)က မဂ္ဂဇင်း ၃၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာတိုင်း(မ်) စီးပွားရေးနှင့် သတင်းဂျာနယ်က မြန်မာတိုင်းမ်ဂျာနယ် ၄၉၈စောင်၊ မင်းရွှေမင်း (တောင်ကုတ်)က ချစ်ဗိမာန်မယိုင်လဲစေဖို့ အိမ်ထောင်ရေး ပညာပေးစာအုပ် ၁၀၀၊ ဒဂုံမြို့နယ်မှဒေါက်တာဝင်းနိုင်က စိုက်ပျိုးရေး ပညာပေးစာအုပ် ၁၀၀၊ ဦးမော်ကြီး(Express)က မဂ္ဂဇင်း ၁၈အုပ်၊ ဒေါက်တာဂျယ်ရီအုံ့ခိုင်က Family မဂ္ဂဇင်း ၂၁အုပ်၊ ဦးဉာဏ်ပွင့်က ဇေယျာမြေနှင့် လပြည့်ဝန်းမဂ္ဂဇင်း ၂၃အုပ်၊ မောင်သစ်နွယ်က နိုင်ငံတကာ ပြစ်မှုဂျာနယ် ၁၀၀၊ ဦးခင်မောင်ဦး (မြတ်ပန်းရဂုံ)စာပေက သုတရသ စာအုပ်စုံ ၆၃အုပ်၊ ဦးသန်းထိုက်က ရန့်သစ်မဂ္ဂဇင်း ၁၀အုပ်၊ မောင်သက်ဝင်းမောင်(ခေတ္တ U.K)က သုတစာအုပ်မျိုးစုံ ၁၆အုပ်၊ ဒေါ်နုနုရီ (လွင်မီဒီယာ)က သင့်ရဲ့စွမ်းရည် မိုးသို့ဆီ စာအုပ် ၇၅အုပ်၊ ဦးလှကျော် (Love Media)က ငွေကျပ် ၁၅၀၀၀၊ ပေါ်ပြူလာဂျာနယ်မှ သတိုးလွင်က ငွေကျပ် ၅၀၀၀၊ မိုးမြင့် စာပေက ငွေကျပ် ၂၀၀၀၀၊ ဦးအောင်နိုင်သူ Rave Music Band က မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၂၂၅၊ သုဝဏ္ဏမှ ဦးအောင်မြင့်ထွန်းက မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၄၈၄၊ Tech Training Centre က မဂ္ဂဇင်းနှင့်ဂျာနယ်စုံ ၂၂၅၊ တက္ကသိုလ် ဟန်မင်းဦးက ဂျာနယ်စုံ ၁၉၀၊ မသီတာအေးမြမြ (လှိုင် TTC) က မဂ္ဂဇင်း ၁၆၀၊ ဦးကျော်လှိုင် (စေတနာစာပေ)က စာအုပ်မျိုးစုံ ၆၀၊ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေး (ယုဝတီကဗျာရှင်တက္ကသိုလ်နွယ်သဇင်)နှင့် အထက(၂) ကွမ်းခြံကုန်းမှ တပည့်များက မဂ္ဂဇင်းနှင့် ဂျာနယ်စုံအုပ် ၉၀နှင့် ငွေကျပ် ၁၀၀၀၀၊ ဒေါက်တာတင်အောင်ခိုင်နှင့် ဒေါက်တာ စံပယ်တင် Ever Win International Co., Ltd. က ဂျာနယ်စုံ ၃၀၀၀၀၊ ဦးကျော်ဇင်ဦးက ဂျာနယ်စုံ ၁၁၀၀၊ ဦးရှိန်ဝင်း (ရွှေပါရမီ) စာပေက သုတ၊ ရသစာအုပ်စုံ၁၇၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဦးစိုးမိုးသန်း(ဒါရိုက်တာ) MMRD Publication က ရန်ကုန်လမ်းညွှန် အုပ် ၄၀၊ ဦးနွယ်ဦးလှိုင် (Beauty Max)က မဂ္ဂဇင်း ၈၀၊ ဦးညိုမှိုင်း (အားမာန်သစ်)က သုတ ရသစာအုပ်စုံ ၁၂၅အုပ်၊ ဦးဟိန်းဇေ (ရုပ်ရှင်အမြုတေ) က မဂ္ဂဇင်း ၅၄အုပ်၊ ဦးညွှန့်ဝေ (ပြုံးပန်းတစ်ရာ)စာပေက မဂ္ဂဇင်း ဂျာနယ် ၂၀၇အုပ်နှင့် ဖြစ်ရပ်မှန်မဂ္ဂဇင်း ၁၅၀၊ ဦးဉာဏ်လှိုင် (ရွှေအမြုတေ)က မဂ္ဂဇင်း ၅၀၊ ဦးမောင်မောင် မြင့်အေး (လာဘ်မိုးစွေစာပေ)က မဂ္ဂဇင်း/သုတ စာအုပ် ၄၀၊ ဦးသန့်(လာဘ်မိုးစွေစာပေ) က မဂ္ဂဇင်းစုံ ၃၆အုပ်၊ ဦးကျော်ဦး (ပါရမီစာပေ)က သုတရသစာအုပ်စုံ ၃၆အုပ်၊ ဦးကျော်မိုးသိန်း(ပါရမီမဂ္ဂဇင်း) က သုတရသ စာအုပ်မျိုးစုံ ၄၅အုပ်၊ ဒေါ်သန္တာခင် (အင်ပါယာမဂ္ဂဇင်း)က အင်ပါယာမဂ္ဂဇင်း ၁၅အုပ်၊ ဗိုလ်မှူးကျော်ရှိန်-ဒေါ်ခင်ရီ (ကျောက်တံတားမြို့နယ်)က စာအုပ်မျိုးစုံ ၃၁၉အုပ်၊ ဦးဒီးဒီးက ဂမ္ဘီရမဂ္ဂဇင်း ၂၅အုပ်၊ ဦးအောင်မြတ်ကျော် (စာပေလောက စာအုပ်တိုက်)က သုတရသ စာအုပ်စုံ ၁၂၅အုပ်၊ ဦးသိန်းအောင် (လုံမလေး မဂ္ဂဇင်းတိုက်)က မဂ္ဂဇင်း ၂၀၊ ဦးနေဝင်း (ဘဝတက္ကသိုလ်စာပေ)က အပျိုစင် မဂ္ဂဇင်း ၁၃အုပ်၊ ဒေါ်ကလျာ (ကလျာမဂ္ဂဇင်း)က မဂ္ဂဇင်းအုပ် ၂၀၊ ဦးရိုးကွန့် (နန်းမြင့်ဂျာနယ်) အယ်ဒီတာချုပ်-ဒေါ်ခင်ညိုညို(မန္တလေး)က နန်းမြင့်ဂျာနယ်၃၀၀၊ စာရေးဆရာ သန်းဝင်းရှိန် (ကျောက်တန်းမြို့)က နန်းမြင့်ဂျာနယ် ၁၀၀တို့ကိုလည်း ပေးပို့လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက အဋ္ဌမအကြိမ် သုတရသ စာအုပ်များနှင့် စာပေဒါန အလှူငွေ လှူဒါန်းပွဲအခမ်းအနားတွင် ငွေကျပ်သိန်း ၂၀၀တန်ဖိုးရှိ စာကြည့်တိုက် အဆောက်အအုံနှင့် စာအုပ်များ အပါအဝင် ငွေသားအလှူရှင် ၂၄ဦးက ငွေကျပ် ၄၅၅၅၀၀၀၊ စာအုပ်အလှူရှင် ၈၅ဦးက ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၀၅၃၆၂၀ရှိ စာအုပ်စာစောင် ၈၆၆၀၇ဖြစ်ပြီး အလှူရှင် စုစုပေါင်း ၁၀၉ဦးတို့၏ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၅၁၆၀၈၆၂၀ ဖြစ်သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မိဘရိပ်သီတဂူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၈

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D)သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် လှော်ကားလမ်း အမှတ်(၁)ရှိ သီရိသုဓမ္မမဏ္ဍာဇောတရေ သီတဂူ ဦးနိုင်ဦး (မိဘရိပ်) - သီတဂူ ဒေါ်အေးသိန်း၊ (မိဘရိပ် ကုမ္ပဏီလီမိတက်)၊ "မိဘရိပ်" သစ်စက်မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ (၁၃၆၇ခုနှစ် ပြာသိုလပြည့်ကျော်၉ရက်)၊ ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့)ည၇နာရီတွင် သီတဂူဓမ္မသဘင်အထူးတရားပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရောဂါဗေဒဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း ရောဂါဗေဒအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ၌ကျင်းပမည်ဖြစ်ရာ ရောဂါဗေဒဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၉နာရီခွဲမှ ညနေ ၃ နာရီအထိ ဆေးတက္ကသိုလ်(၁) ရောဂါဗေဒဌာန၌ မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပထမအကြိမ် သုတစွယ်စုံ စာပေဆု ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်မည့် ပထမအကြိမ် သုတစွယ်စုံစာပေဆုရရှိသူများ စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။ ဆုရရှိသူများမှာ သုတစွယ်စုံ စာပေဆု (ဝိဇ္ဇာ) အတွက် "တကောင်းမှအသစ်တွေ့ရှိမှု ပျူအထောက်အထားများ" စာအုပ် ရေးသားသူဆရာချစ်စံဝင်း၊ သုတစွယ်စုံ စာပေဆု(စာပဒေသာ) အတွက် "ရိုက်သိမ်းချိန်လွန်မြို့ပြနှင့် အခြားလူမှုစီးပွားအသုံးချ ဆောင်းပါးများ" ရေးသားသူ ဆရာအောင်မောင်း၊ သုတစွယ်စုံစာပေဆု (သုတသိပ္ပံ) အတွက် "ကမ္ဘာကျော် အဆောက်အအုံများနှင့် တည်ဆောက်သူများ"ရေးသားသူ ဆရာလှိုင်သင်း၊သုတစွယ်စုံစာပေဆု(အသုံးချသိပ္ပံ)အတွက်"သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာ"ရေးသားသူ ဒေါက်တာမိုလာနှင့် "သုတစွယ်စုံ တစ်သက်တာ စာပေဆု"အတွက် ဆရာ ဦးတင်မောင် (သိပ္ပံမှူးတင်)တို့ဖြစ်ကြသည်။

ယင်းဆုများကို ၂၀၀၄ခုနှစ်ဇန်နဝါရီလ ၁ရက်မှ ဒီဇင်ဘာလ၃၁ရက်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို အခြေခံ၍ ဆုရွေးချယ်ရေးအဖွဲ့က စနစ်တကျ ရွေးချယ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ရက် (စနေနေ့)နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၂) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ WTO က ညှိနှိုင်းနေသော အဓိကအချက်ခြောက်ချက်ကြောင့် မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှု ရလဒ်ကောင်းများ ရရှိနိုင်၊ ပျဉ်းမနားတွင် ပုဂ္ဂလိက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက စိစစ်ဆောင်ရွက်ပေးသွားမည်၊ မြန်မာနိုင်ငံသားများဘဏ်တွင် အများပြည်သူပိုင်အစုရှယ်ယာများ ဝယ်ယူနိုင်ပြီ စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဩစတြေးလျ ဝေဟင်ခုန်သမားမလေးရှားတွင် ၁၃၃ကြိမ်ခုန်ချရင်း နှစ်သစ်ကိုကြိုဆို၊ ကွယ်လွန်သူ ဖရန်ဆွာမီးထရောင်း ပြင်သစ်နိုင်ငံ၏ အကောင်းဆုံး သမ္မတအဖြစ် မော်ကွန်းတင်ခံရ၊ ၂၀၀၆ခုနှစ်အစတွင် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုအားကောင်းမည်ဟု ဟောကိန်းထုတ်စသည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေးဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media Group ဖုန်း-၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ မြင်းကျားမလေးမွေးဖွား

ရန်ကုန် ဇန်နဝါရီ ၈

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် မွေးမြူပြသထားသော မြင်းကျား အထီး၊ အမတစ်စုံက ဇန်နဝါရီ ၃ရက် နံနက် ၃နာရီ ၁၅မိနစ်တွင် မြင်းကျားမလေး တစ်ကောင်မွေးဖွားကြောင်း သိရှိရသည်။

မြင်းကျား(ZEBRA Eguus burehelli) ၏ ကိုယ်ဝန်ဆောင်ကာလမှာ ၃၇၆ရက် ဖြစ်ပြီး ယခုမြင်းကျားလေးမှာ တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်အရ ချက်ပြည်ထောင်စုသမ္မတနိုင်ငံမှ မြင်းကျားအထီး အသက် လေးနှစ် ကိုးလနှင့် အမေရိကန်ပြည်ထောင်စုမှ မြင်းကျားအမ အသက် သုံးနှစ် သုံးလတို့က ပထမဆုံးအကြိမ်မွေးဖွားခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ မြင်းကျားမလေးတစ်ကောင် မွေးဖွားစဉ်။
(သတင်းစဉ်)

တမူးမြို့ နန့်ဖာလုံဈေး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ ပြည်သူနှစ်ဦး ဒဏ်ရာရ ပိုင်ရှင်မဲ့ ကက်ဆက်အဟောင်းကို ကောက်ကိုင်ရာမှ ပေါက်ကွဲ

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးလိုပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း၊ တမူးမြို့၊ နန့်ဖာလုံဈေး၌ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် စားသောက်ဆိုင်တန်း အမှတ်(၁) ခေါက်ဆွဲသုပ်ဆိုင်၌ လည်းကောင်း၊ နံနက် ၁၀နာရီ ၅၅မိနစ်ခန့်တွင် ဈေးအပြင်ဘက်ရှိ ရွှေကောင်းလျှံ လက်ဖက်ရည်ဆိုင်၌လည်းကောင်း ပေါက်ကွဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာ တမူးမြို့မှ ဦးမောင်ထွန်း (၄၂)နှစ်နှင့် ဦးမောင်စိုး(၃၈)နှစ်တို့ ဗုံးစထိမှန်ဒဏ်ရာရရှိသွားကြသည်။

အဆိုပါ ဖြစ်စဉ်တွင် ဆိုင်ရှင်ဦးမောင်ထွန်းမှာ ဆိုင်ဖွင့်ရန်ရောက်ရှိစဉ် မီးသွေးမီးဖိုအနီး၌ ကက်ဆက်ဟောင်းအသေးတစ်လုံး တွေ့ရှိ၍ ကောက်ယူရာမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စိစစ်သိရှိရပြီး ဒဏ်ရာရရှိသူ နှစ်ဦးတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သော ဆေးဝါးကုသပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းကဲ့သို့ မဖြစ်ပွားစေရေး အများပြည်သူများအနေဖြင့် မိမိနှင့် မသက်ဆိုင်သည့် အသုံးအဆောင်ပစ္စည်းများ၊ မသင်္ကာဖွယ်ရာ ပစ္စည်းများကို အမှုမဲ့အမှတ်မဲ့ ကောက်ယူခြင်း၊ ဖွင့်ကြည့်ခြင်းများမပြုလုပ်ကြရန်၊ မသင်္ကာဖွယ်ရာများ တွေ့ရှိရပါက နီးစပ်ရာတာဝန်ရှိသူများထံ ချက်ချင်းအသိပေးအကြောင်းကြား ဆောင်ရွက်ကြရန်ဖြစ်ကြောင်းနှင့် ပြည်သူများ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ဆောင်ရွက်ခဲ့သော သောင်းကျန်းသူအဖျက်သမားများအား နယ်မြေခံ တပ်မတော်စစ်ကြောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ရှာဖွေစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် မျိုးပင်စုပေါင်းစိုက်ပျိုးပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ပျိုးအိတ်အတွင်း ထည့်သွင်း ပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် မျိုးပင်စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၈

အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသည့်အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် မျိုးပင်စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းဆုံရှိ မင်းဓမ္မ ပြပွဲပြိုင်ပွဲကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် စိုက်ပျိုးပေးကြသည်။

တက်ရောက်

အဆိုပါ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ဆန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံနှင့် စိုက်ပျိုးရေးဆိုင်ရာသိသင့်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များနှင့် အကိုင်းများကို ပျိုးအိမ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးအိတ်များအတွင်း မျိုးစေ့ ၄၂၀၀၀ ထည့်သွင်းပျိုးထောင်နေမှု၊ ပေါင်းများပြုလုပ်ပြီး မျိုးစေ့ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✻**

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ညီလာခံနားရက်များတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့်ရန်ကုန်စက်မှုဇုန် လေ့လာ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်စက်မှုဇုန်ရှိ အေဝမ်းအထည်ချုပ်စက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့) နံနက်ပိုင်းတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်စက်မှုဇုန်နှင့် ပြည်ဥယျာဉ်ကွန်ဒိုမီနီယံ (Pyay Garden Condominium)တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ယနေ့(တနင်္ဂနွေနေ့)တွင် ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ရှိ ဘုရားရှိခိုးကျောင်းများသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ ရောက်ရှိကြရာ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ●**

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်း မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၆ခုနှစ် ဇန်နဝါရီ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၀၄ မိနစ်၅၃ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက် ယွန်းယွန်း မိုင် ၅၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ဂရိနိုင်ငံတောင်ပိုင်း ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးမှ ဆွေးနွေးတင်ပြချက်များ

☆ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါး ထိပါးမှုမှန်သမျှ၊ အမျိုးသားညီလာခံကြီး ပျက်စီးရာ ပျက်စီးကြောင်း နှောင့်ယှက်မှုမှန်သမျှကို ပြည်သူ့သဘောထား လေးရပ်အတိုင်း ပြတ်ပြတ်သားသားချေမှုန်း။

☆ အမျိုးသားညီလာခံကြီးသည် စစ်မှန်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တစ်ခုတည်းသော ပြည်ထောင်စုကိုယ်စားလှယ်များအားလုံး ညှိနှိုင်းတိုင်ပင်ဆွေးနွေးနေသည့် နည်းလမ်းဖြစ်သည်ဆိုသည်ကို ကောင်းစွာ သဘောပေါက်ယုံကြည်။